ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၂၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် )**

**[ အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၅၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေ ကြမ်းကော်မတီ အစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ငှင်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်း အတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစောအုန်း၊ မွန်(၉)၊ ကျန်းမာရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ တာဝန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ UNDP နှင့် တွေ့ဆုံရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၂)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီးကတစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပုလဲမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် က ပုလဲမြို့နယ်အတွင်းရှိ ကျန်းမာရေးဌာနခွဲများ၏ လိုအပ်ချက်များအား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျန်းမာရေးဆိုင်ရာ မေးခွန်းတစ်ခုအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ပုလဲမြို့နယ်ရဲ့ ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်တိုးမြှင့်တင်မှု (Third Wave) လ(၂၀)အတွင်း ဆောင်ရွက်ထားရှိမယ့် လုပ်ငန်း လိုအပ်ချက်များအား တင်ပြသွားမှာ ဖြစ်ပါတယ်။ ပုလဲမြို့နယ်အတွင်း ကျန်းမာရေးဌာနခွဲများကို ဖွဲ့စည်းခွင့်ပြု ထားပြီးဖြစ်ပါတယ်။ ၎င်းတို့မှာ စစ်ရင်ကျေးရွာ၊ ပိတောက်ကုန်းကျေးရွာ၊ ကန့်ဒေါင့်ကျေးရွာ၊ ပန်းရွာ ကျေးရွာ၊ မုံသွင်ကျေးရွာ၊ မုံကြိုင်ကျေးရွာ၊ အိုင်းမကျေးရွာ၊ ချောင်းဦးကျေးရွာ၊ အင်မထီးကျေးရွာ၊ မရိုးတုန်းကျေးရွာ၊ ကြောင်သန်းကျေးရွာ၊ ဆင်ရှင်ကျေးရွာ၊ မိုးကောင်းကျေးရွာ၊ ဦးနှောက်ကျေးရွာ၊ ကံပေါက်ကျေးရွာ၊ လယ်ဓမ္မကျေးရွာ၊ နွယ်အင်းကျေးရွာ၊ ကံကြီးကျေးရွာ၊ သပြေရေကျေးရွာ၊ အေးချမ်းသာကျေးရွာ၊ ပဲခင်းမကျေးရွာနဲ့ လဲကန်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲဆိုပြီး စုစုပေါင်း ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၂)ခုရှိပါတယ်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲများမှာ တချို့ဌာနခွဲ အဆောက်အဦများကို မိဘပြည်သူများရဲ့ အစီအမံနဲ့ဆောက်လုပ်ပြီး၊ ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးကိစ္စအဝဝကို ဆောင်ရွက်ထားတာမှန်သော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲရဲ့ အင်္ဂါရပ်နှင့် ညီညွတ်မှုရှိအောင် ဆောင်ရွက်ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပုလဲမြို့နယ် ကျေးလက်ကျန်းမာရေး ဌာနခွဲ (၁၅)ခုမှာ လိုအပ်နေတဲ့ အကာ၊ အခင်း၊ ကြမ်းပြင်၊ ပြူတင်းတံခါး၊ မျက်နှာကျက် စသည်တို့ကို နိုင်ငံတော်က ပြုပြင်မွမ်းမံဆောင်ရွက်ပေးရန် လိုအပ်သည့်နည်းတူ ဒုတိယဦးစားပေးအဖြစ် နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး စီကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

တချို့ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနရဲ့ ဖွင့်လှစ်ခွင့်ပြုမိန့်ရရှိခဲ့တာ မှန်သော်လည်း ယခုထက်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ ဆောက်လုပ်နိုင်ခြင်း မရှိသေးခြင်းကြောင့် ကျန်းမာရေးဦးစီးဌာနရဲ့ အင်္ဂါရပ်နှင့်ညီညွတ်သော အဆောက်အဦများကို ဆောက်လုပ်ပေးရန် လိုအပ်တဲ့အပြင် ပဲခင်းမကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာကိုလည်း စီမံဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲများ တည်ရှိရာဒေသများမှာ လျှပ်စစ်မီးမရှိသေးခြင်းကြောင့် ကျန်းမာရေးနှင့် ပတ်သက်သော လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် ဆိုလာစနစ်နဲ့ မီးအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ရှိရာ ကျေးရွာများမှာ တောင်ပေါ်ဒေသနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာများရဲ့ အားကိုးအားထားပြုရသောဒေသများ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင် အိမ်နီးချင်း မကွေးတိုင်းဒေသကြီးနှင့် ဆက်စပ်နေသော ဒေသများ ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပုလဲမြို့နယ် ကျန်းမာရေးဌာနခွဲ (၁၅)ခုရဲ့ အင်္ဂါရပ် နဲ့ ပြည့်စုံသော ဆေးခန်းများ ဖြစ်မြောက်စေရေး၊ မိမိဒေသများ အပါအဝင် ပတ်ဝန်းကျင်ဒေသများ၏ ကျန်းမာရေး ကဏ္ဍ တတိယအဆင့် အရှိန်တိုးမြှင့်မှု အစီအစဉ်များအား တင်ပြချက်များနှင့်အညီ နိုင်ငံ တော်အစိုးရမှ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပြီး အချို့ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ တောင်ပေါ်ဒေသများ ဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ စီးပွားရေးနဲ့ လူမှုရေး ဆိုင်ရာ အခက်အခဲများ ရှိခြင်းကြောင့်လည်းကောင်း၊ တောင်ပေါ်ဒေသနှင့် အနီးပတ်ဝန်းကျင်ဒေသများ၏ အားကိုးအားထား ရသော အခြေခံစခန်းများဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပုလဲမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦများအား သက်ဆိုင်ရာဌာန၏ အင်္ဂါရပ်နှင့်ပြည့်စုံသော ဆေးခန်းများ ဖြစ်မြောက်စေရေးနဲ့ မိမိဒေသများအပါအဝင် ပတ်ဝန်းကျင်ဒေသများ၏ ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်တိုးမြှင့်မှု အစီအစဉ်များအား တင်ပြချက်နဲ့အညီ လိုအပ်နေပါ၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။

**မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး တင်အောင်မိုး က မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေး ဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်မှူးတင်အောင်မိုး၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်ကြည်း ၂၈၆၉၃ ဗိုလ်မှူးတင်အောင်မိုး ဖြစ်ပါတယ်။ ဒီနေ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းသွားမှာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာတွင် အမှန်တကယ်လိုအပ်လျက်

ရှိသော ကျေးလက်ကျန်းမာရေးဌာနတစ်ခုအား အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရန်နဲ့ ပတ်သက်၍ ကျေးရွာပြည်သူ များ၏ အကျိုးအား ရှေ့ရှု၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာအုပ်စုတွင် ကျွဲရဲတောင်ရွာ၊ ကျွဲရဲမြောက်ရွာ၊ သမ္မန်နာရွာနှင့် တောင်ပုလုရွာဟု ကျေးရွာ(၄)ရွာရှိပြီး၊ ကျွဲရဲတောင်ရွာတွင် အိမ်ခြေ(၂၅၈)အိမ်၊ အိမ်ထောင်စု (၂၆၀)စု၊ လူဦးရေ (၁၂၄၈)ဦး၊ ကျွဲရဲမြောက်ရွာတွင် အိမ်ခြေ(၃၄၈)အိမ်၊ အိမ်ထောင်စု (၃၅၀)စု၊ လူဦးရေ(၁၆၅၂)ဦး၊ သမန်နာရွာတွင် အိမ်ခြေ(၁၉၇)အိမ်၊ အိမ်ထောင်စု(၂၀၀)စု၊ လူဦးရေ(၉၄၆)ဦးနှင့် တောင်ပုလုရွာတွင် အိမ်ခြေ(၂၅၂)အိမ်၊ အိမ်ထောင်စု(၂၅၇)စု၊ လူဦးရေ(၁၁၅၆)ဦး အသီးသီးရှိကြသဖြင့် စုစုပေါင်းအိမ်ခြေ(၁၀၅၅)အိမ်၊ အိမ်ထောင်စု(၁၀၆၇)စု၊ လူဦးရေ(၅၀၀၂)ဦးခန့်ရှိပြီး တောင်သူလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်လျက် ရှိနေပါတယ်။

ကျေးရွာလူထုများ၏ ကျန်းမာရေးအား အထောက်အကူပြုမည့် ကျေးရွာကျန်းမာရေးဌာနတစ်ခု မဖြစ်မနေလိုအပ်လျက်ရှိနေပါတယ်။ ယနေ့အချိန်အထိ ကျေးရွာတွင် အနည်းငယ်တတ်ကျွမ်းနားလည်သည့် လူများ၏ရမ်းကုဖြင့် ရွာသူရွာသားများ၏ ကျန်းမာရေးမှာ စိုးရိမ်စရာဖြစ်လျက် ရှိပါတယ်။ တဖြည်းဖြည်း အသိပညာဖွံ့ဖြိုး၍ ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရာတွင် မြို့ပေါ်ရှိ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်ပြသကုသမှုခံယူ၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုနေရသဖြင့် မလိုလားအပ်သော ငွေကြေးကုန်ကျမှု၊ အချိန်ကုန်လူပင်ပန်းမှုများ ဖြစ်ပေါ်နေရပါသဖြင့် မဖြစ်မနေ ဆေးကုသမှု ခံယူရန်ရှိမှသာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ဆေးကုသမှု ခံယူလျက်ရှိကြသဖြင့် ရောဂါမကြီးသင့်ဘဲ ကြီးကျယ်၍ အသက်ဆုံးရှုံးမှုများ ရှိနေရပါသဖြင့် ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်အကာအကွယ်ပြုပေးနိုင်မည့် ဆေးခန်းတစ်ခု မဖြစ်မနေ လိုအပ်လျက် ရှိနေပါတယ်။

ကျွဲရဲကျေးရွာအုပ်စုတွင် ကျန်းမာရေးဌာနတစ်ခုဖွင့်လှစ်မည်ဆိုပါက အနီးရှိအခြားသော ကျေးရွာများမှာလည်း စောင့်ရှောက်ပေးနိုင်မည် ဖြစ်ပါတယ်။ ယနေ့အချိန်အထိ မွေးလူနာများဟာ အရပ်လက်သည်ခေါ် ကျေးရွာတွင် တတ်သိနားလည်းနီးစပ်သူများနှင့် မွေးနေရတဲ့ဒေသတစ်ခုလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ကျေးရွာပြည်သူများ အကျိုးအားရှေ့ရှု၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာ အုပ်စုတွင် အမှန်တကယ်လိုအပ်လျက်ရှိသော ကျန်းမာရေးဌာနတစ်ခု အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ နှင့် ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဘားအံမြို့နယ်၊ ဒုံရင်းဝွင်ကျေးလက်ဆေးပေးခန်းကို(၁၆)ခုတင်ဆံ့ ဒုံရင်းတိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့ က ဘားအံမြို့နယ်၊ ဒုံရင်းဝွင်ကျေးလက်ဆေးပေးခန်းကို(၁၆)ခုတင်ဆံ့ ဒုံရင်းတိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ အထူး ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ ကိုယ်စားလှယ်တော်လူကြီးမင်းများအားလုံး ကျန်းမာရွှင်လန်းကြပြီး နိုင်ငံ့အကျိုး၊ ပြည်သူလူထုတို့ရဲ့ အကျိုးကို ဆထက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကရင်ပြည် နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောအောင်ကျော်နိုင်(ခေါ်) ရှားဘူးဖော့ အနေနဲ့ ဖားအံမြို့နယ်၊ ဒုံရင်းဝွင်ရဲ့ ပန်ရိုင်းကျေးရွာမှာရှိတဲ့ ကျေးလက်ဆေးပေးခန်းကို (၁၆)ခုတင်ဆံ့ ဒုံရင်းတိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားပါ့မယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဘားအံမြို့နယ်အတွင်းမှာရှိတဲ့ ဒုံရင်းဝွင်၊ ဒုံရင်းတိုက်နယ်ဟာ ကျေးရွာအုပ်စု(၁၄)အုပ်စုဖြစ်တဲ့ ကော့ထမ္ဗလိန်း၊ ကော့တရုတ်ရပ်၊ ကော့လှိုက်၊ ကော့သံခါ၊ ကော့ကျိုက်၊ ကော့မူးတာ၊ တရုတ်လှ၊ တော်ပုံ၊ ထုံးအိုင်၊ နောင်ထလုံး၊ ရွှေတော၊ ရဲသာ၊ လှိုင်ကမ္ဘာ၊ ဝင်းကျန်အစရှိတဲ့ ကျေးရွာအုပ်စုမှာ ကျေးရွာပေါင်း (၉၇)ရွာနဲ့ အိမ်ခြေပေါင်း(၉၈၀၇)အိမ်ခန့် လူကြီး၊ လူငယ်၊ ကလေး လူဦးရေ ကျား/မစုစုပေါင်း(၅၁၉၈၄)ဦး နေထိုင်လျက်ရှိပါတယ်။ ဒုံရင်းအထက်တန်းကျောင်းရှိသလို တိုက်နယ်ရဲစခန်းလည်း ရှိပြီး၊ ကျေးရွာပြည်သူလူထုအများစုဟာ လယ်ယာကိုင်းကျွန်းနဲ့ ကုန်ရောင်းကုန်ဝယ်လုပ်ငန်းများကိုသာ လုပ်ကိုင်စားသောက်ရင်း သားသမီးများကို ပညာသင်ကြားပို့ဆောင်ပေးသောသူများ ဖြစ်ကြပါတယ်။ ကျေးရွာကျေးလက်ဆေးပေးခန်း ရှိပေမယ့်လည်း အရေးပေါ် ကျန်းမာရေးကိစ္စနဲ့ အရေးကြီးကျန်းမာရေးကိစ္စ စောင့်ရှောက်မှုအတွက် ပြည့်စုံလုံလောက်တဲ့ အခြေအနေမရှိပါသဖြင့် ဒုံရင်းတိုက်နယ်၊ ဒုံရင်းဝွင်အတွင်း နေထိုင်ကြသော ကျေးရွာပြည်သူလူထုများရဲ့ ကျန်းမာရေးကို ထိရောက်စွာ စောင့်ရှောက်ကုသပေးနိုင်ရန်အတွက် (၁၆)ခုတင့်ဆံ့တိုက်နယ်ဆေးရုံတစ်ရုံလိုအပ်လျက်ရှိပါကြောင်း ကျေးရွာပြည်သူလူထုများက တင်ပြလာကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့်မို့လို့ ဘားအံမြို့နယ်၊ ဒုံရင်းဝွင်မှာ ကျေးရွာပြည်သူလူထုများရဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကုသပေးနိုင်တဲ့ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံ တစ်ရုံအဖြစ် နိုင်ငံတော်အစိုးရမှ အဆင့်မြှင့်တိုးမြှင့် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာနေပြည်သူလူထုများရဲ့ ကိုယ်စားလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ကျွန်မပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် စပ်လျဉ်းသော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ တစ်ဆက်တည်းဖြေကြားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် ၏ မေးခွန်းနဲ့ စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် ကျေးလက်ကျန်းမာရေးဌာနခွဲများ ပြုပြင်နိုင်ရေးအတွက် လိုအပ်သော ခန့်မှန်းကုန်ကျစရိတ် စာရင်းကို ပြုစု၍ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် တင်ပြပေးပါရန်အတွက် ကျွန်မတို့ ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အဆိုပါ တင်ပြချက်နဲ့ ပတ်သက်၍ ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ခု၊ ပြင်ဆင် ထိန်းသိမ်း စရိတ် ရန်ပုံငွေမှ ကျခံပေးနိုင်သော ပမာဏအထိ ကျခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနသည် မြန်မာတစ်နိုင်ငံလုံးရှိ ဆေးရုံ၊ ဆေးခန်းများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးခြင်းတို့ကို နှစ်စဉ်စီမံကိန်းများ ရေးဆွဲ၍ ဘဏ္ဍာငွေတောင်းခံ ဆောင်ရွက်လျက် ရှိနေတဲ့အတွက် နောင်လာမယ့် ဘဏ္ဍာနှစ်များမှာ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီးတော့ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးကိစ္စကို ဦးစားပေး အစီအစဉ်များ အတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး ၏ မေးခွန်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၂)ရုံ၊ ညောင်ဖြူပင်နှင့် သာစည် ကျေးလက်ကျန်းမာရေးဌာန (၇)ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ကျွဲရဲတောင်နဲ့ ကျွဲရဲမြောက်ကျေးရွာများမှာ အလုံကျေးလက်ကျန်းမာရေးဌာနမှ လည်းကောင်း၊ သမန္တာကျေးရွာနဲ့ တောင်ပုလုကျေးရွာများကို ကျောက်ဆစ်ပုံကျေးလက် ကျန်းမာရေးဌာနအောက်ရှိ ညောင်ခြေထောက်ကျေးလက် ကျန်းမာရေး ဌာနခွဲမှလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ ကျွဲရဲတောင်ကျေးရွာမှာ အိမ်ခြေ(၂၃၃)အိမ်၊ လူဦးရေ(၁၁၂၈)ဦး၊ ကျွဲရဲမြောက်ကျေးရွာမှာ အိမ်ခြေ(၃၄၈)အိမ်၊ လူဦးရေ(၁၆၅၂)ဦး ရှိပြီး၊ မုံရွာပြည်သူ့ဆေးရုံနဲ့ (၄)မိုင်၊ အလုံကျေးလက်ကျန်းမာရေးဌာနနဲ့ (၃)မိုင်ခန့် ကွာဝေးပြီး၊ လမ်းများသည် ကျွဲရဲကျေးရွာနှင့် ရာသီမရွေးသွားလာနိုင်သောကြောင့် ကျွဲရဲကျေးရွာတွင် ကျေးလက်

ကျန်းမာရေးဌာန သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုဖွင့်လှစ်ပေးရန် လောလောဆယ် အစီအစဥ် မရှိသေးပါ ကြောင်း ဖြေကြားအပ်ပါတယ်။ သို့ရာတွင် ကျန်းမာရေးဝန်ထမ်းများအား ကျွန်မတို့အနေနဲ့ ပြည်သူလူထုအတွင်းမှာ ကွင်းဆင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လွှမ်းခြုံမှုပိုမို ရရှိစေရေးအတွက် စီစဥ်ထားရှိပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ကရင်ပြည်နယ် အမှတ် (၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့ ၏ မေးခွန်းနှင့် စပ်လျဥ်း၍ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ (၁)ရုံ၊ မြိုင်ကလေး (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ (၁)ရုံ ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ (၄)ရုံ၊ အိန္ဒူ၊ ဇာသပြင်၊ ထုံးအိုင်၊ တရုတ်လှ စုစုပေါင်း ဆေးရုံ (၆)ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန (၁၇)ဌာနတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံမှု ပေးလျက် ရှိပါတယ်။ ဒုံရင်း ကျေးလက်ကျန်းမာရေးဌာနသည် တရုတ်လှ တိုက်နယ်ဆေးရုံနှင့် (၅)မိုင်၊ ခုတင်(၂၀၀)ဆံ့ ဘားအံ ပြည်သူ့ဆေးရုံနှင့် (၁၀)မိုင် ကွာဝေးပါသဖြင့် ဒုံရင်းကျေးလက်ကျန်းမာရေး ဌာနအား တိုက်နယ်ဆေးရုံ အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် လောလောဆယ် အစီအစဥ် မရှိသေး ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းမယ့် မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မိုင်းပျဥ်း- မက်မန်း ကားလမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာခင်းလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ် က မိုင်းပျဉ်း - မက်မန်း ကားလမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကတ္တရာခင်းလမ်းမကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ဒီကနေ့ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ပြည်ထောင်စုဝန်ကြီး အခြားဧည့်သည်များ အားလုံးကို ဂါရဝတရားနဲ့အတူ မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ အချက်က မိုင်းပျဉ်း နဲ့ မက်မန်းမြို့နယ် နဲ့ ဆက်သွယ်တဲ့ လမ်းကြီးကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အနည်းငယ် မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းဖို့ သာယာဖို့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးဖို့ လူမှုရေးအဖက်ဖက်က ဆောင်ရွက်တဲ့နေရာမှာ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန် အရေးကြီးတယ်လို့ ကျွန်တော် ခံယူပါတယ်။ ဒါက နိုင်ငံအသီးသီးမှာ တကယ်ပဲ လက်ခံတဲ့အချက်ဖြစ်တယ်လို့လည်း ကျွန်တော့်အနေနဲ့ ခံယူပါတယ်။ ဒီကနေ့ ကျွန်တော့်အနေနဲ့ ဒီလမ်းနဲ့ ပတ်သက်ပြီးတော့ မေးမြန်းရတဲ့ အကြောင်းရင်းက တကယ်လည်း လိုအပ်နေတဲ့အနေအထားဖြစ်လို့ ဒီကိစ္စကိုလည်း အမြန်ဆုံး ဖော်ဆောင်ပေးနိုင်ဖို့ ဖော်ဆောင်နိုင်ရေး အတွက်လည်းပဲ လူအားငွေအား ပုံအောပြီးမှ အမြန်ဆုံးဆောင်ရွက်ပါမှ ဒီလုပ်ငန်းကိစ္စ အောင်မြင်မယ်လို့ ကျွန်တော့်အနေနဲ့လည်း ခံယူပါတယ်။ အဲဒီတော့ ဒီအခြေအနေလေးကို ကျွန်တော် ပထမဦးဆုံး တင်ပြရမယ်ဆိုရင် ဒီလမ်းဟာ 'ဝ' ကိုယ်ပိုင်အုပ်ခွင့်ရတိုင်းနဲ့ ဆက်သွယ်ထားတဲ့ တောင်ပိုင်း 'ဝ' နယ်ရှိ လမ်းတစ်လမ်းပဲ ဖြစ်ပါတယ်။ 'ဝ' နယ်ဒေသဟာ လွန်ခဲ့တဲ့ ခေတ်အဆက်ဆက်က ဒီလို ဆက်သွယ်မှု မရှိတဲ့အတွက်ကြောင့် ကုန်းပိတ်နိုင်ငံ ကုန်းပိတ်နေရာလေး တစ်နေရာလို ဖြစ်ပြီးမှ ခေတ်အဆက်ဆက် ပစ်ပယ်ခြင်း ခံရတယ်လို့ပဲ ဆိုရင်လည်း မမှားဘူးလို့ ကျွန်တော် တင်ပြလိုပါတယ်။ အဲဒီတော့ ဒီလို အခြေအနေဖြစ်တဲ့အတွက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တိုးတက်ဖွံ့ဖြိုးမှု မရှိတဲ့အတွက်ကြောင့် ဒီနယ်မြေရဲ့ အစိတ်အပိုင်းဟာ သီးခြားအစိတ်အပိုင်းလို ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာသုံးသပ်မိပါတယ်။ အဲဒီတော့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဟာ ယခင်က အင်္ဂလိပ် အစိုးရလက်ထက်ကပဲဖြစ်ဖြစ် ၊ လွတ်လပ်ရေး ရလာပြီးတဲ့ နောက်ပိုင်းပဲဖြစ်ဖြစ် အုပ်ချုပ်မှုကို တကယ်ပဲ ရုံးစိုက်ပြီးမှ အသေအချာ အုပ်ချုပ်တဲ့ အနေအထားလည်း မရှိဘူး တရားဥပဒေကို ကိုင်တွယ်ပြီးတော့ အုပ်ချုပ်ခဲ့တာလည်း မရှိခဲ့ပါဘူး။

အဲဒါကြောင့်မို့လို့ ဒီဒေသဟာ သီးခြားလို ဒေသတစ်ခု ဖြစ်ခဲ့ရတဲ့ ဆိုတဲ့အကြောင်းကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ သို့သော် ဒီလို လွတ်လပ်ရေး ရပြီးတဲ့ (၁၀)နှစ်အတွင်းမှာပဲ ဒီ 'ဝ' နယ်ထဲကို ဝင်လာတဲ့ ကားလမ်းတို့ တစ်သွယ်မှာလည်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ တော်လှန်ရေးအစိုးရ တက်လာတဲ့ အချိန်မှာ ၁၉၆၄ ခုနှစ်ကနေ စပြီးတော့ ဒီဟိုပန်ကို အခြေပြုပြီးမှ ဖောက်တဲ့ မြေနီကားလမ်းတစ်သွယ်ပဲ ရှိခဲ့ပါတယ်။ အဲဒီလမ်းကလည်း ရာသီမရွေးသွားလာနိုင်ခြင်း မရှိပါဘူး။ ဖောက်လုပ်ထားတဲ့ အနေအထားကလည်း ယခု ကျွန်တော်တို့ အရပ်စကားနဲ့ပြောမယ်ဆိုရင် ခနော်ခနဲ့ လောက်ပဲ ဖောက်ထားတဲ့အတွက်ကြောင့် လမ်းတော့ ရှိပေမယ့်လည်းပဲ လမ်းတံတားတွေဟာ မရှိတဲ့အတွက်ကြောင့် ကားတွေကလည်း သွားလာဖို့ရာ လုံးဝ မရှိခဲ့ရပါဘူး။ အဲဒီလို အနေအထားနဲ့ ဒီဘက် 'ဝ' နယ်ဟာ ဟိုတုန်းက အင်္ဂလိပ်ခေတ်ရော ကျွန်တော်တို့ ပါလီမန်ခေတ်မှာရော ဝနယ်ဟာ မြောက်ပိုင်း ရှမ်းပြည်နယ်ရဲ့ မြောက်ပိုင်းဒေသနဲ့ တောင်ပိုင်းဒေသနှစ်ခုစလုံးကို ဒီလိုပဲ တည်ရှိခဲ့တဲ့ နယ်မြေဖြစ်တယ်။ အုပ်ချုပ်ရေးသဘောအရကလည်းပဲ အရင်တုန်းက မြောက်ပိုင်း'ဝ' နယ် (၆)မြို့နယ်၊ တောင်ပိုင်းဝနယ် စသဖြင့် ဒီအုပ်ချုပ်ရေးစနစ်ကလည်း နှစ်ပိုင်းလောက် ရှိတယ်။ 'ဝ'နယ်က မြောက်ပိုင်း၊ တောင်ပိုင်း ဆိုပြီးမှရှိတယ်။ အဲဒီတော့ တောင်ပိုင်းအနေနဲ့ ဒီလို ကျွန်တော်တို့ ၁၉၈၈ ခုနှစ် ကျွန်တော်တို့ န.ဝ.တ အစိုးရ တက်ပြီးတဲ့ နောက်ပိုင်းမှာ မိုင်းပျဉ်းနဲ့ မက်မန်းကို ဆက်သွယ်ထားတဲ့ လမ်းတစ်လမ်းကို ဖောက်လုပ်ပါတယ်။ အဲဒီလမ်းကလည်း အဲဒီအချိန်အခါတုန်းက အဓိကကတော့ စစ်ရေးအရ ဖောက်ထားလမ်း ဖြစ်ပါတယ်။ ဒီလမ်းကို ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ လူထုတွေက ဒီလမ်းကိုပဲ အားပြုပြီးမှ မိုင်းပျဉ်းမြို့နဲ့ ဆက်သွယ်တာတွေ၊ ကျိုင်းတုံမြို့ကို ဆက်သွယ်တာတွေ ရှိတယ်။

'ဝ'နယ်အချင်းချင်း တောင်ပိုင်း 'ဝ'နယ်နဲ့ မြောက်ပိုင်း'ဝ'နယ် လုံးဝ ရွာချင်းဆက်တဲ့ လမ်းပင် မရှိခဲ့ဘူး။ ခြေလျင်လမ်းမှတစ်ပါး၊ အဲဒီတော့ ဒီလိုအနေအထားကြောင့် ဒီဒေသက ကင်းကွာနေသလိုမျိုး ဖြစ်ပါတယ်။ အဲဒီတော့ အခု မြောက်ပိုင်းလမ်းကတော့ နောက်ပိုင်းမှာ တော်တော်လေးကို ဖွံ့ဖြိုးလာပြီးမှ လားရှိုးကနေ ကွမ်းလုံ ကွမ်းလုံကနေ 'ဝ'နယ်ထဲဝင်လာတာ ကတ္တရာ လမ်းတွေနဲ့ တော်တော်လေး ဖွံ့ဖြိုး မြောက်ပိုင်းသားတွေက တော်တော်လေး တိုးတက်လာပြီးတော့ ပညာရေး ၊ ကျန်းမာရေး အနေအထား ကအစ အကုန်လုံး ဥပမာ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၉၈၈ ခုနှစ် မတိုင်မီတုန်းက 'ဝ'တိုင်းရင်းသား လူမျိုးများဟာ ဘွဲ့ရတာက (၁ဝ)ယောက်၊ (၁၅)ယောက်လောက်ပဲ ရှိတယ်။

အခု ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးလာပြီးတဲ့ နောက်ပိုင်း န.ဝ.တ အစိုးရ တက်ပြီးတဲ့ နောက်ပိုင်းမှာ ဒီလမ်းကို တော်တော်လေး ကောင်းကောင်းမွန်မွန် လုပ်လာတဲ့အချိန်မှာ 'ဝ'နယ်မှာရှိတဲ့ 'ဝ'တိုင်းရင်းသားတွေက ပညာကို အားသွန်ခွန်စိုက်သင်ကြားပြီးမှ ဒီကနေ့ ဘွဲ့ဒီကရီ ရတဲ့ လူကလည်း ထောင်ဂဏန်းမက သောင်းဂဏန်းတောင်မှ ရှိနေပြီလို့ ကျွန်တော့်အနေနဲ့ ဒီလိုပဲ အကြမ်းအားဖြင့် လေ့လာသိရှိရတယ်။ တောင်ပိုင်းကျတော့ လုံးဝကို မရှိဘူး။ ဘွဲ့ရရှိတဲ့ လူက ကျွန်တော် ထင်ပါတယ်။ ဒီနေ့အထိ သေချာ ရေတွက်ခြင်းတော့ မရှိဘူး။ အရောက် (၂ဝ)လောက်ပဲ ရှိပါတယ်။ မြောက်ပိုင်းမှာ (၃)မြို့နယ် တောင်းပိုင်းမှာ (၆)မြို့နယ် ဆိုလာတဲ့အချိန်မှာ တိုးတက်ဖွံ့ဖြိုးမှုက အင်မတန် ကွာခြားပါတယ်။ အဲဒီလို ကွာခြားတဲ့အနေအထား ဒီနေ့ မြောက်ပိုင်းသားတွေဟာ ရှေ့နေလုပ်ငန်းရော ဆရာဝန်လုပ်ငန်းရော ရဲအုပ် ၊ ဗိုလ်မှူး စသဖြင့် ဒီအဆင့်တွေကို တာဝန် ထမ်းဆောင် နိုင်ပြီးမှ တောင်းပိုင်းသားတွေက ဒီနေ့အထိ ကျွန်တော်တို့ စာရေးစာချီကလွဲရင် စာရေးစာချီတောင်မှ ဆယ်ဂဏန်းလောက်ပဲ ရှိပါတယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာသိရှိရပါတယ်။ အဲဒီတော့ အဓိက လမ်းပန်းဆက်သွယ်ရေး အားနည်းမှုကြောင့် ခုန ကျွန်တော် တင်ပြသွားတဲ့ မြောက်ပိုင်းဒေသက လမ်းပန်းဆက်သွယ်ရေး ကောင်းတော့ ပြည်မက ဝန်ထမ်းတွေကို ပို့လိုက်တဲ့ အချိန်မှာလည်းပဲ သူတို့ကစွဲစွဲမြဲမြဲနေနိုင်ပြီးမှ ပညာကို ကောင်းမွန်စွာ သင်ကြားပေးတယ်။ ကျန်းမာရေး အပိုင်းကလည်း ဆရာဝန်ကလည်း စွဲစွဲမြဲမြဲ နေထိုင်ကြပြီးမှ အဖက်ဖက်က တိုးတက်ဖွံ့ဖြိုးမှု ရှိတယ်။ တောင်ပိုင်းကတော့ လမ်းပန်းဆက်သွယ်ရေး လုံးဝကို ညံ့ဖျင်းတဲ့အတွက်ကြောင့် ဝန်ထမ်းတွေကလည်း နေရင် အောင့်အီးပြီးတော့ နေရတဲ့အပိုင်း နှစ်ကုန်ဖို့ပဲ မျှော်ကြပြီးမှ လအလိုက် မိမိ ရဲ့ အရပ်ဒေသကို ပြန်သွားချင်ရင်လည်း လမ်းပန်းဆက်သွယ်ရေး အသွားအလာကပင် ကျွန်တော်တို့ (၁ဝ)ရက်၊ (၁၅)ရက် တစ်လနီးပါးလောက် ကြာတယ်။ လမ်းရဲ့အခြေအနေကြောင့် ဒါကြောင့် ဒီဘက်မှာဝန်ထမ်းတွေ ကလည်း သိပ်ပြီးတော့ မနေချင်ကြတာကို လေ့လာသိရှိရတယ်။

အဲဒီတော့ မြောက်ပိုင်းကတော့ လမ်းကတော့ တော်တော်လေး ကောင်းနေပြီ။ တော်တော် လေးလည်း တိုးတက်ဖွံ့ဖြိုးမှု ရှိတယ်။ ရာသီမရွေး သွားနိုင်တဲ့အပြင် တကယ်ပဲ စိတ်ချလုံခြုံစွာ ဘေးကင်းစွာနဲ့ သွားနိုင်တဲ့ လမ်းကြီးကို ဖောက်လုပ်နိုင်ခဲ့တယ်။ အခု တောင်ပိုင်းကျတော့ ကျွန်တော် ကိုယ်တိုင် ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်၊ ဩဂုတ် တုန်းက မိုင် (၃ဝ)လောက် ခြေလျင် လျှောက်ပြီးတော့ ဒီခရီးကို လေ့လာကြည့်တဲ့အချိန်မှာ မိုင်းပျဉ်းနဲ့ မက်မန်းကို ဆက်သွယ်ထားတဲ့လမ်းက စုစုပေါင်း မိုင်းပျဉ်းမြို့ ကနေစပြီးတော့ (၇၃)မိုင်လောက် ဝေးပါတယ်။ အဲဒီ (၇၃)မိုင် က 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဆိုလိုတာ က မက်မန်းမြို့နယ်ရဲ့ နယ်စပ်က မိုင်းပျဉ်းနဲ့ (၇)မိုင် (၈)မိုင်လောက် အဲဒီလောက်ပဲ ကွာဝေးတယ်လို့ ထင်ပါတယ်။ အဲဒီတော့ တကယ့်ကို နယ်စပ်ကနေ မက်မန်းသွားဖို့ မိုင် (၆ဝ) ကျော်ကျော်လေး ရှိတယ်။

အဲဒီ မိုင်(၆၀)ကျော်ကျော်လေးဟာ ပထမပိုင်းတော့ န.ဝ.တ အစိုးရ လက်ထက်က စစ်ပြေးအတွက် အသုံးပြုတဲ့ လမ်းအဖြစ်လောက်သာ ဖောက်ထားပြီးမှ ပြည်သူ့အစိုးရ ဒီကနေ့ လွှတ်တော် ပေါ်ပေါက်လာတဲ့အချိန်မှာ အားလုံးလုပ်ငန်းကို ပ.ဆ.c ကို လွှဲတယ်လို့ သိရှိရတယ်။ ပ.ဆ.c က ကျိုင်းတုံမှာ ဗဟိုပြုပြီးမှ ဒီလုပ်ငန်းကို ကြီးကြပ်တယ်လို့ ကျွန်တော် ကြားသိရပါတယ်။

အဲဒီတော့ (၅)နှစ်တောင်မှ ပြည့်ကာနီးဖြစ်သည့် ဒီလမ်းကို ဆောက်လုပ်တဲ့ အနေအထားကို ကျွန်တော် ကြည့်မယ်ဆိုရင် လမ်းက ခုန မိုင် (၆၀)ပဲ ထားလိုက်ပါတော့ မိုင်(၆၀)က အဆင့်မြင့် လမ်းပုံစံမျိုး ရောက်ရှိသွားအောင် ကျွန်တော်တို့ လမ်းအကျယ်က (၃၄)ပေလောက် လုပ်ရမှာ ဖြစ်တဲ့ အတွက်ကြောင့် ဒီ(၅)နှစ် အတောအတွင်း (၃၄)ပေ ကျယ်တဲ့ နေရာလေးကို ဟိုတစ်ကွက် ဒီတစ်ကွက် လောက်ပဲ ဖြစ်ပြီးတော့ ဒီလမ်းကို ဆောက်လုပ်ပေးဖို့ ဆိုတာ လမ်းဘေးက မြေ မြေကျောက်တွေကိုပဲ ပုံထားပြီးမှ ဒါလေးနဲ့ပဲ ဆက်လုပ်ဖို့ အနေအထား မြင်တွေ့ရတယ်။ တချို့နေရာလည်း ထည့်ပြီးသား ဖြစ်ပါတယ်။ အဲဒီလမ်းက (၃၄)ပေလောက် ဟိုတစ်ကွက် ဒီတစ်ကွက်ဆိုတာ ကျွန်တော့် စိတ်ထင် ခန့်မှန်းခြေ (၂၄)မိုင်လောက်ပဲ (၃၄)ပေ အဆင့် ပုံစံမျိုး ဖောက်လုပ်နိုင်ပြီးတော့ ကျန်တဲ့ (၂၆)မိုင် (၂၇) မိုင် ၊ မိုင် (၃၀)ဆိုပါတော့ ပတ်ဝန်းကျင်လောက်က ဒီလို လမ်းကျဉ်းတွေ ရှိသေးတယ်။ အဲဒီလို လမ်းကျဉ်း တွေကလည်း တချို့ လမ်းနေရာက တကယ် တောင်ကုန်းကို တက်မယ်ဆိုရင် လုံးဝကား ခေါင်းကြီး ထောင်သွားပြီးတော့ တက်ရမှာ ဖြစ်သလို တကယ် တောင်ဆင်းသွားမယ်ဆိုရင်လည်းပဲ ကားရဲ့ နောက်ပိုင်းကလည်း နည်းနည်း ကြွတက်လာပြီးတော့ အန္တရာယ် များပါတယ်။ နောက် တောင်တက်တောင်ဆင်းကလည်း တော်တော်လေး ဝေးပါတယ်။ တချို့နေရာက တောင်ကွေ့ တချို့နေရာက တောင်တက် အကွေ့အပတ်တွေကလည်း များသလို တောင်တက် အဆင်းတွေကလည်း အကွေ့အပတ်တွေ များတယ်။ အန္တရာယ် တော်တော်များတယ်၊ များတဲ့ အနေအထားမှာလည်းပဲ သတိပေး ဆိုင်းဘုတ်တွေလည်း ပြုလုပ်ထားတာ မတွေ့ရှိရဘူး။ အဲဒီတော့ ဒီ ကျွန်တော်သွားတဲ့ အချိန်က မိုးရာသီ ဖြစ်တဲ့အတွက်ကြောင့်မို့ မိုးတွေကလည်း ရွာ လမ်းဘေးက မြောင်းတွေကလည်း မရှိ အဲဒီတော့ လုပ်ထားတဲ့ လမ်းက မကြာမီ ပြန်ပျက်သွားတယ်။ တခါတည်းကို မျှောသွားတယ်။ သစ်ပင်တွေကလည်း အပေါ်ကဖြစ်ဖြစ် အောက်က လမ်းအောက်ကပဲဖြစ်ဖြစ် မြေပြိုပြီးတော့ ပါသွားတယ်။ လမ်းက တော်တော်လေး ပြန်ပြီးတော့ ပျက်စီး နေရတဲ့ အနေအထားကို ကျွန်တော် တွေ့ရှိရတယ်။ အဲဒီတော့ ဒီကိစ္စလေးအနေနဲ့ ခုန ကျွန်တော် နှိုင်းယှဉ်တဲ့ မြောက်ပိုင်း'ဝ'နယ်နဲ့ တောင်ပိုင်း'ဝ'နယ်ရဲ့ အနေအထားလေးကို အမြန်ဆုံး တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးမှု ရှိလာအောင် ဒီလမ်းကို ကတ္တရာလမ်းအဆင့် မဆောင်ရွက်ဘဲနဲ့တော့ ဒီလိုဟာမျိုးတွေကတော့ ရေရှည် ကြုံတွေ့ရမယ့် ပြဿနာပဲ ဖြစ်ပါတယ်လို့ အဲဒါကြောင့် ကတ္တရာလမ်းအဖြစ် အမြန်ဆုံး ဖော်ထုတ် ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ နဲ့ စပ်လျဉ်းပြီး ကျွန်တော် မေးခြင်း ဖြစ်ပါတယ်။

အဲဒီတော့ ဒီလမ်းအနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒါ တကယ်လို့ အခု စီမံကိန်း စနစ်နဲ့ ဒီလိုပဲ တဖြည်းဖြည်း တဖြည်းဖြည်းလောက်ပဲ လုပ်သွားမယ်ဆိုရင် ဒီလို ခုန မိုးရွာ၍ သော်လည်း ကောင်း တောင်က မတ်စောက်တဲ့အတွက်ကြောင့် မြေသားကလည်း ပျော့တဲ့အတွက်ကြောင့် ဒီလိုပဲ ပြို ပြိုသွားမှာပဲ အဲဒီတော့ ဒီကိစ္စက ကုစားနိုင်တဲ့နည်းက ဘာလဲဆိုတော့ ကျွန်တော်တို့က လူအား ငွေအား အချိန်ကို လုယူပြီးမှ အချိန်တိုတွင်းမှာ အမြန်ဆုံး ဖော်ဆောင်ပေးပါမှ ဒီလမ်းက ကျွန်တော်တို့က ရည်မှန်းထားတဲ့ အောင်မြင်မှု အနေအထားကို ရရှိနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ဒါကြောင့်မို့လို့ မက်မန်း မြို့သူ/မြို့သားများရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ မိုင်းပျဥ်းလမ်းနဲ့ မက်မန်းလမ်းကို ရာသီမရွေး သွားလာနိုင်ပြီးတော့ ကတ္တရာလမ်းအဖြစ် ဆောက်လုပ်နိုင်ရန် ငွေအား၊ လူအား အချိန်တိုအတွင်းမှာ အမြန်ဆုံး ဖော်ဆောင်ပေးနိုင်ခြင်း ရှိ/ မရှိ ရှိခဲ့လို့ရှိရင် မည်သည့်အချိန်မှာ စတင်ပြီးတော့ ဒီအစီအစဥ်လေးကို ဆောင်ရွက်နိုင်လိမ့်မလဲလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကလေးမြို့ပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဥ် ရှိ /မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ကလေးမြို့ပေါ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းတံတားများ တိုးချဲ့တည်ဆောက်ပေးရန် အစီအစဥ် ရှိ /မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုဒုတိယဝန်ကြီး ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ဟာ ဖွံ့ဖြိုးတိုးတက်မှု အလွန်မြန်ဆန်တဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ဖွံ့ဖြိုးစည်ကားလာတာနဲ့ အမျှ လမ်းပေါ်မှာလည်း ယာဥ်အစီးရေ မြောက်မြားစွာ ရှုပ်ထွေးသွားလာနေတာ ဖြစ်ပါတယ်။ မူလက ခင်းပေးထားတဲ့ လမ်းများ တံတားများဟာ ယခုအခါ ယာဥ်အစီးရေနဲ့ နှိုင်းယှဥ်ပါက များစွာ ကျဥ်းမြောင်းနေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် ကလေးမြို့ရဲ့ မြောက်ဘက်အထွက်မှာဆိုရင် ကျွန်တော်တို့ ကလေးမြို့ ကလေးဒေသ ချင်းတောင်ဒေသ ပြည်မနဲ့ ဆက်သွယ်တဲ့ ယာကြီးလမ်းကို သွားတဲ့လမ်း ကလေးဝနဲ့ ဆက်သွယ်တဲ့လမ်း၊ တမူးမြို့တို့ မော်လိုက်မြို့တို့ ဆက်သွယ်တဲ့လမ်း ဖြစ်တဲ့အတွက် ဒီလမ်းဟာဆိုရင် အထူးသဖြင့် တော်တော်လေးကို ယာဥ်အန္တရာယ်တွေဖြစ် သေဆုံးမှုတွေ ဖြစ်တာတွေလည်း အများကြီး ရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ အဲဒီလမ်းက ကလေးမြို့ကနေ ကလေးဝကို ထွက်တဲ့လမ်းကို ကျွန်တော့်အနေနဲ့ လမ်းတင်မက တံတားတွေပါ တိုးချဲ့ပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ လမ်းကို တိုးချဲ့ပေးရုံနဲ့လည်း ဒါ ကျွန်တော်တို့ ပြဿနာက ဖြေရှင်းနိုင်မှာ မဟုတ်ဘဲနဲ့ တံတားများပါ တိုးချဲ့ပေးမှ အဆင်ပြေမှာ ဖြစ်ပါတယ်။ တစ်ဖက်ကို ကျွန်တော့်အမြင်ကတော့ တစ်ဖက်ကို (၆)ပေစီ လမ်းကိုလည်း တစ်ဖက်(၆)ပေစီ (၁၂)ပေ တိုးချဲ့မယ် နောက်တစ်ခါ တံတားတွေကိုလည်း အဲဒီလိုပဲ (၆)ပေစီ တိုးချဲ့ပေးမယ် ဆိုရင်တော့ အဆင်ပြေချောမွေ့မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ (၁) ကလေးမြို့ကနေ ကလေးဝအထွက် လမ်းကို (၆)ပေစီ တိုးချဲ့ပေးရန် အစီအစဥ် ရှိ/ မရှိ နဲ့ တံတားများကိုလည်း (၆)ပေစီ တိုးချဲ့ပေးရန် အစီအစဥ် ရှိ/ မရှိ ပြည်သူလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။

**ဖလမ်းမြို့(၉)လုံးတွဲ အိုးအိမ် အိမ်ရာနေရာတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသို့ ရောင်းချပေးနိုင်ခြင်း ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့(၉)လုံးတွဲ အိုးအိမ် အိမ်ရာနေရာတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများသို့ ရောင်းချပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ၊ ပြည်ထောင်စုဒုဝန်ကြီးနဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအိမ်ရာစီမံကိန်းက Public Housing ပေါ့ နိုင်ငံတစ်နိုင်ငံမှာ စီစဉ်ဖို့ရန် အလိုအပ်ဆုံး တစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း သူတို့ အမျိုးမျိုး ခေါ်ဝေါ်ပြီးတော့ Low Cost သို့မဟုတ် Affordable သို့မဟုတ် (Subsidized Housing ) ဆိုပြီးတော့ အမျိုးမျိုး ခေါ်ကြပါတယ်။ တန်ဖိုးနည်း၊ တန်ဖိုးမျှ တန်ဖိုးလျှော့ ဒါတွေကတော့ Inter Changeable စကားလုံးတွေ ကြိုက်သလို သုံးပြီးတော့ လုပ်နေကြပါတယ်။ ဒါ တချို့နိုင်ငံတွေမှာတော့ Mortgage ပေါ့ ဘဏ်မှာ စာချုပ်သွားချုပ်ပြီးတော့ ပြည်သူတွေ အိမ်ရာ ပိုင်နိုင်အောင်ပေါ့ စီစဉ်ပေးပါတယ်။ ဒါက နိုင်ငံတစ်နိုင်ငံမှာ လုပ်ဆောင်ရန် အတွက် အလိုအပ်ဆုံးတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အားနည်းတာကတော့ အိမ်ရာစီမံကိန်း Public Housing ဒီမှာ Plan ကောင်းကောင်းလေး မရှိဘူး။ ဆောင်ရွက်ချက်ကောင်းကောင်းလည်း မရှိဘူး။ ပြီးတော့ Land Use Policy ပေါ့ မြေယာ စီမံခန့်ခွဲမှု Policy မှာ အားနည်းတယ်။

ဒါကြောင့် ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေး မတည်ငြိမ်မှုတွေ ဖြစ်ပါတယ်။ အရင်တစ်ခါလည်း လွှတ်တော် ကိုယ်စားလှယ်တစ်ယောက် မေးပါတယ်။ ပြည်သူလူထုတွေက မြေကွက် ဘယ်လောက် ပိုင်လို့ ရတယ် သို့မဟုတ် ကုမ္ပဏီ အခွန်ဆောင်ပြီးသား တွေဆိုရင်တော့ ဘယ်လိုမျိုး စီမံခန့်ခွဲလို့ ရတယ်။ ဒါမျိုးတွေပေါ့ အဲဒီမှာ ကျွန်တော်တို့ အားနည်းတာ ကျွန်တော်တို့နိုင်ငံမှာ အိမ်ရာစီမံကိန်းနဲ့ Land Used Policy ပေါ့ ဒီဥပဒေတွေ အဲဒါတွေ ကောင်းကောင်းလေး လုပ်ဖို့ လိုအပ်သော စီမံကိန်းတွေ ဆွဲဖို့ လိုပါတယ်။ စင်ကာပူနိုင်ငံမှာတော့ သူတို့နိုင်ငံရဲ့ National Pride ပေါ့ အိမ်ရာစီမံကိန်း အောင်မြင်မှု က သူတို့နိုင်ငံရဲ့ နိုင်ငံတကာမှာ ဝါကြွားတဲ့ တစ်ခု ဖြစ်ပါတယ်။ သူက HDB လို့ခေါ်ပါတယ်။ သူ့နိုင်ငံသားတွေရဲ့ (၈၀)ရာခိုင်နှုန်းက HDB အိမ်ရာမှာ နေပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ပေးလို့ရှိရင် ကျွန်တော်တို့ နိုင်ငံသားတွေက မရွှေ့မပြောင်းနိုင်တဲ့ ပိုင်ဆိုင်မှုတွေ ရလာမယ်။ ဒီလိုရလာခြင်းအားဖြင့် စီးပွားရေးအတွက်လည်း အထောက်အကူ ပြုလာတယ်။ ပေါင်နှံလုပ်လို့ ရတယ်။ SME တွေ ဘာတွေလည်း လုပ်လို့ ရလာတယ်။ အထောက်အကူအမျိုးမျိုး ဖြစ်လာတယ်။ ပြီးတော့ ကျွန်တော်တို့ ဒီလိုလုပ်ခြင်းအားဖြင့် Financial Security လည်း ရှိလာမယ်။ အဲဒီလို ရှိလာတဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတစ်နိုင်ငံမှာပေါ့ Inflation ပေါ့ ငွေကြေးဖောင်းပွမှုကိုလည်း ကာကွယ်ပေးလာမယ်။

ဒီလိုအားဖြင့် ကျွန်တော်တို့ရဲ့ နိုင်ငံတစ်ခုလုံးရဲ့ စီးပွားရေးလည်း အထောက်အကူပြုလာတယ်။ ပြီးတော့ Social and Political Stability လူမှုရေးနဲ့ နိုင်ငံရေး တည်ငြိမ်မှုတွေလည်း ဖြစ်စေလာတယ်။ ဒါ ကျွန်တော်တို့ နိုင်ငံမှာ အကောင်အထည်ဖော်ပြီးတော့ စနစ်တကျ လုပ်ဆောင်ဖို့ လိုတဲ့ဟာပေါ့နော် ဒါကတော့ နိုင်ငံတစ်နိုင်ငံမှာ ကျွန်တော်တို့ လုပ်ရမယ့် လုပ်ဆောင်ဖို့ လိုတဲ့အပိုင်း။

အခုက ကျွန်တော့် မြို့နယ်မှာ ဒါမျိုးလည်း လုပ်ပေးဖို့ လိုတဲ့အပိုင်းကို ဒုတိယအပိုင်းအနေနဲ့ တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဖလမ်းမြို့ကတော့ သမိုင်းဝင်မြို့တော်ဟောင်း ဖြစ်ပါတယ်။ ဒီ နယ်ခွဲ့တော်လှန်ရေးသမား ဗိုလ်ဆွန်ပက် ပေါ့ လွှတ်တော်ကိုယ်စားလှယ်များလည်း ကြားဖူးမှာပါ ပြီးတော့ ပင်လုံစာချုပ်မှာ လက်မှတ်ထိုးပေးတဲ့ ဦးလှိုရ်မှုန် တို့ အင်းစိန် တိုက်ပွဲ သူရဲကောင်း ဗိုလ်မှူးကြီး ဟရန်ထီးရိုး တို့ သူတို့ရဲ့ မြို့ ဖြစ်ပါတယ်။ ဒါ ရန်ကုန်နဲ့ နေပြည်တော်လို ပေါ့ အရင်တုန်းက တော့ ဖလမ်းမြို့က ချင်းပြည်နယ် မြို့တော် အခု ဟားခါးမှာ အုပ်ချုပ်ရေး မြို့တော်ရှိပေမယ့် သူ့ကို ဒီတိုင်း မထားခဲ့ သင့်ပါဘူး။ အဲဒီမှာ ကျွန်တော်တို့ မြို့မှာ ရပ်ကွက်သစ် ချပေးခြင်းတို့ တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်ပေးတာတို့ တိုးတက်လာရန် လုပ်ဆောင်ပေးမှု တစ်ခုမှ မရှိတဲ့အတွက်ကြောင့် တိုးတက်သင့်သလောက် မတိုးတက်နိုင်ဘဲ ဆုတ်ယုတ် နေတာ တွေ့ရပါတယ်။ တိုးပွားတိုးတက်လာမည့် လူဦးရေ များအတွက်ပေါ့ မြေယာစီစဉ်ပေးခြင်း၊ တန်ဘိုးနည်းအိမ်ရာဆောက်လုပ်ရောင်းချပေးခြင်း မရှိတဲ့ အတွက် သူက နည်းနည်းတိုးတက်လာရင် ပြည်ပသွားမယ် ဥပမာ နိုင်ငံခြားသွားမယ်ဆိုတော့ လူဦးရေကလည်း မတိုးတက်နိုင်ဘူး။ မြို့ကလည်း မတိုးတက်နိုင်ဘူး။ ဒါဟာ ကျွန်တော်တို့ ဖလမ်းမြို့နဲ့တကွပေါ့နော်။ ချင်းပြည်နယ်တစ်ခုလုံးပေါ့။ ဒါလူဦးရေတိုးပွားတိုးတက်လာပြီပေါ့။ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် လုပ်ဆောင်ရန်လိုအပ်ချက် တစ်ခုမှာ ဒီတန်ဘိုးနည်းအိမ်ရာဆောက်လုပ် ရောင်းချခြင်း လည်း တစ်ခုဖြစ်ပါတယ်။

ကျွန်တော်တို့ဖလမ်းမှာပေါ့ မြို့နယ်ခန်းမကနေပြီး ဘုန်းကြီးကျောင်းလမ်းတစ်လျှောက်မှာ (၉)လုံးတွဲအိမ်ရာတစ်ခုရှိပါတယ်။ ဒါမြို့လယ်ကျတဲ့နေရာ၊ မြေယာပြေပြစ်တဲ့နေရာ ဖြစ်ပြီးတော့ လက်ရှိအိုးအိမ်များကလည်း ဟောင်းနွမ်းပျက်စီးနေပါတယ်။ ဆိုတော့ဒီနေရာမှာ ဘုန်းကြီး ကျောင်းလမ်းနဲ့ ညီအောင်ပေါ့။ မြေကိုညှိပေးပြီးတော့ တန်ဘိုးနည်းအိမ်ရာဆောက်လုပ်ပေးမယ်ဆိုရင် မြို့က ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အခုဒီဂျာနယ်တွေမှာရော သတင်းတွေအမျိုးမျိုး ကြားနေ တယ်၊ ရန်ကုန်နဲ့တခြားမြို့ကြီးတွေမှာလည်း တန်ဘိုးနည်းအိမ်ရာတွေ ဆောက်လုပ်ပေးနေတာတွေ စီမံကိန်းတွေအများကြီးရှိနေတယ်ဆိုတာကို ကြားရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဝမ်းသာပါတယ်။ ဒါမြို့ကြီးတွေမှာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ နယ်မြို့တွေမှာလည်းပေါ့နော် နိုင်ငံတစ်နိုင်ငံလုံး၊ တစ်ပြည် လုံးအတိုင်းအတာမှာ ဒါမျိုးတစ်ပြေးညီဆောက်လုပ်ပေးရန်လည်း လိုအပ်ပါတယ်။

ဒါကြောင့်အခုမေးခွန်းဖြစ်တဲ့ ဖလမ်းမြို့(၉)လုံးတွဲ အိုးအိမ်အိမ်ရာနေရာတွင် တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ နှင့် ပြည်သူများသို့ ရောင်းချပေးနိုင်ခြင်း အစီအစဉ် ရှိ /မရှိ မေးမြန်းပါတယ်။

**အိမ်ရာမြေကွက်ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ /မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အိမ်ရာမြေကွက်ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ /မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့်တကွ ကြွရောက်လာသူအားလုံးနှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အိမ်ရာ မြေကွက် ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဥ် ရှိ /မရှိနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်အဖြစ် အိုးအိမ်ဦးစီးဌာနက အိမ်ရာမြေဖော်ထုတ်ရေး စီမံချက် ရေးဆွဲကာ လွန်ခဲ့သော နှစ်အတန်ကြာက စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေး ခဲ့တဲ့အတွက် အိုးအိမ်အတည်တကျ နေထိုင်ခွင့်ရခဲ့ကြသော အများပြည်သူတို့ဟာ ဝမ်းမြောက် ဝမ်းသာရှိနေကြပါတယ်။ သို့ရာတွင် မူလစီမံချက်မှာ အိမ်ရာမြေကွက်များ စနစ်တကျ ရေးဆွဲချ မှတ်ခဲ့သော်လည်း အပြည့်အဝနေရာချထား အကောင်အထည်ဖော်ဆောင် ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပါ ကြောင်း၊ တိုးချဲ့မြို့သစ် ရပ်ကွက် မြေဧရိယာ၏လေးပုံတစ်ပုံခန့်မှာ ပလပ်မြေများအဖြစ် ယနေ့တိုင် ကျန်ရှိနေကြောင်းနှင့် တပ်မတော်အစိုးရလက်ထက်မှာလည်း ကြက်ဆူပင် များစိုက်ပျိုးခဲ့ကြကြောင်း ဒေသခံများက တင်ပြခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ပလပ်မြေများကို ခုတ်ထွင်ရှင်းလင်းပြီးတော့ မိမိတို့ မိသားစု နေထိုင်ရေး အဆင်ပြေစေရန်အတွက် သင့်လျော်သည့် နေအိမ်များ ဆောက်လုပ်နေထိုင်သူ အများစု ရှိနေကြသကဲ့သို့ မိမိတို့ပိုင်မြေများအဖြစ်မှတ်ယူကာ မြေငှားစားသူများ၊ အိမ်ဆောက်၍ အိမ်ငှားစား သူများ၊ မြေကွက်များကို တရားမဝင်ပေါင်နှံရောင်းချခြင်းများ၊ ဝယ်ယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ အိမ်ရာမြေကွက်များကို အပိုင်သိမ်းဆည်းရယူထားခြင်းများ၊ မြေလုမှုများ၊ ခြံစည်းရိုးနယ်နိမိတ် အငြင်းပွားမှုများဖြင့် တိုးချဲ့မြို့ကွက်ဖော်ရန် ကျန်ရှိနေသည့် မြေကွက်များပေါ်တွင် ပြဿနာများစွာဖြင့် ရှုပ်ထွေးလျက်ရှိနေပါကြောင်းဖြင့် မိမိလွှတ်တော်အတွေ့အကြုံများရှင်းလင်းရန် နယ်မြေသို့ ကွင်းဆင်း ဆောင်ရွက်စဥ် မြေပုံအညွှန်းများနှင့်တကွ တင်ပြတိုင်ကြားခြင်း၊ လူကိုယ်တိုင် သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း မိမိတို့ဒေသဖွံ့ဖြိုး၊ အကျိုးစီးပွားလိုလားကြသူများက အကြိမ်ကြိမ် တင်ပြခဲ့ခြင်းများကြောင့် ယခုကဲ့သို့ မေးမြန်းရန် အကြောင်းဆုံလာခြင်းဖြစ်ပါသည်။

၎င်းအပြင် အများပြည်သူတို့အတွက် ရပ်ကွက်အားကစားကွင်းအဖြစ် ဖော်ထုတ်ပေးရမည့် မြေနေရာကိုလည်း တာဝန်ရှိသူအဆင့်ဆင့်တို့က ရာသီအလိုက်သီးနှံများစိုက်ပျိုးရန်ချထားပေးတဲ့ အတွက်ကြောင့် ကစားကွင်းလည်း ကွယ်ပျောက်နေပါ၍ ပြန်လည်ဖော်ထုတ်ပေးပါရန် အလေးအနက် တင်ပြခဲ့ကြ၍ မိမိ ကိုယ်တိုင်ကွင်းဆင်းကြည့်ရှုကာ ဖြစ်ရပ်မှန်များကို မြင်တွေ့ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ ပလပ်မြေကွက်များပေါ်တွင် မရှိဆင်းရဲသား အများစုတို့မှာ လည်း အနေကြာခဲ့ပြီဖြစ်တဲ့အတွက် ငဲ့ညှာသောအားဖြင့် တရားဝင်နေထိုင်ခွင့်ရရန်အတွက် ဆောင်ရွက်ပေးပါမည့်အကြောင်း မေတ္တာရပ်ခံတင်ပြလာခဲ့ကြပါတယ်။ ဤဖြစ်ရပ်များကို ပြန်လည် သုံးသပ်ကြည့်မယ်ဆိုပါက မြို့ကွက်သစ်ဖော်ထုတ်ရေးစီမံချက်ကို အောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိဘဲ အချိန်ကြာမြင့်စွာ လျစ်လျူရှုထားသကဲ့လိုဖြစ်ခဲ့တဲ့အတွက် မဖြစ်သင့်တဲ့ မြေယာပြဿနာများ ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်ကြောင်း မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

အဆိုပါပလပ်မြေများပေါ်မှာရှုပ်ထွေးနေသော ဖြစ်ရပ်မျိုးစုံကို ကြိုတင်ဖြေရှင်း ဆောင်ရွက် ပေးနိုင်ရန်လိုအပ်လျက်ရှိကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တကွ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ မြေယာဌာနတာဝန်ရှိသူတို့အား မိမိအနေဖြင့် အသိပေးအကြောင်းကြားထားပြီး ဖြစ်သော်လည်းအောက်ခြေတွင် တစ်စုံတစ်ရာအရေးယူဆောင်ရွက်ပေးခြင်း မရှိသေးပါကြောင်းဖြင့် ဒေသအကျိုးစီးပွားကို လိုလားကြသည့် ရပ်မိရပ်ဖများက ထပ်မံတင်ပြလာခဲ့ကြပြန်ပါတယ်။

သို့ပါ၍ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်မှာရှိတဲ့ မြို့မြေကွက်သစ် ဖော်ထုတ် စဉ်က ဆက်လက်အကောင်အထည်ဖော်ရန် ကျန်နေတဲ့မြေကွက်များနှင့် စပ်လျဉ်းပြီးတော့ (၁) ပြန်လည်စိစစ်၍ မရှိနွမ်းပါးအနေကြာသူများအား ဦးစားပေးအစီအစဉ်ဖြင့် ပြန်လည် ချထားပေးရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် တန်ဖိုးနည်းအထပ်မြင့်အိမ်ရာများဆောက်လုပ်၍ အမှန်တကယ်နေရေး အခက်အခဲကြုံနေကြသော ဒေသခံများအား ပြန်လည်နေရာချထားပေးရန် အစီအစဉ်ရှိ/မရှိ နှင့် (၃)အိမ်ရာမြေကွက်ဖော်ထုတ်ရေး မူလစီမံချက် အောင်မြင်ပြီးမြောက်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်၊ ကျေးဇူးများစွာ တင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်ကြီး(၄)ဦး မေးမြန်းသွားတဲ့ မေးခွန်းများကို တစ်ဆက်တည်းဖြေကြားခွင့်ပြုပါခင်ဗျား။ ပထမဦးစွာ ရှမ်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဆိုင်ပေါင်းနပ် မှမေးမြန်းထားတဲ့ မိုင်းပျဉ်း-မက်မန်းကားလမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ ကတ္တရာ ခင်းလမ်းကြီးအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်မည်နည်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီလမ်းနဲ့ပတ်သက်ပြီးတော့ Power Point နဲ့ တင်ပြပါမယ်။ ဒီမှာကျွန်တော်တင်ပြထားတာက မိုင်းပျဉ်းမြို့(၀/၀)ကနေပြီး မက်မန်းမြို့ အထိ (၇၃)မိုင် ရှည်လျားတဲ့ ဒီလမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးကို ကျွန်တော်တို့ ယခင်က စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက နေပြီးတော့ တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ တာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ နေ့အထိ လမ်း အခြေအနေကတော့ ကတ္တရာလမ်း (၃)မိုင်၊ ကျောက်လမ်း(၆)မိုင်(၇)ဖာလုံ၊ အမာခံ လမ်း(၁၈)မိုင် (၇)ဖာလုံ၊ မြေလမ်း(၄၆)မိုင်၊ (၇)ဖာလုံ စုစုပေါင်း(၇၃)မိုင် ရှိတာဖြစ်ပါတယ်။

မိုင်းပျဉ်းမြို့မှ မက်မန်းမြို့အထိ (၇၃)မိုင်တွင် မိုင်တိုင် ၀/၀ ကနေ ၃၂/၀ အထိ (၃၂)မိုင်ကို အထူး စီမံကိန်းကြီးအဖွဲ့(၃)၊ မိုင် ၃၂/၀ ကနေပြီးတော့ ၅၈/၀ အထိ (၂၆)မိုင်ကို လေယာဉ်ကွင်း အထူးအဖွဲ့(၄)၊ မိုင်တိုင် ၅၈/၀ မှ ၇၃/၀ အထိ (၁၅)မိုင်ကို မက်မန်းခရိုင်ဆိုပြီး ကျွန်တော်တို့ တာဝန်ခွဲပြီး လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလမ်းဟာ တောင်ပေါ်ဒေသ အတက်အဆင်းကြမ်းတဲ့လမ်းဖြစ်တဲ့အတွက် မိုးတွင်းကာလများမှာ သွားလာမှု မပြတ်တောက်စေရန် အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်နေရတဲ့လမ်း ဖြစ်ပါတယ်။ မိုင်းပျဉ်း-မက်မန်းလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း (၂၅၀၀)နဲ့ ပြင်ဆင် ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့သလိုပဲ ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ရန်ပုံငွေကျပ် (၆၄၄.၇)သန်း နဲ့ စုစုပေါင်းကျပ်သန်းပေါင်း (၃၁၄၄.၇) သန်းနဲ့ မြေသားလမ်းချဲ့ခြင်း (၂၅)မိုင် (၆)ဖာလုံ၊ ကျောက်လမ်းခင်းခြင်း (၁၀)မိုင်(၃)ဖာလုံ၊ အမာခံလမ်းခင်းခြင်း(၅)မိုင်(၂)ဖာလုံ၊ ကွန်ကရစ် လမ်းခင်းခြင်း(၁)မိုင်၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း(၇၄၄၅)ပေ၊ လမ်းချိုင့်ခွက် များ ဖြည့်ခင်းခြင်း (၁၄)မိုင်၊ (၅)ပေ Box Culvert တည်ဆောက်ခြင်း(၅)စင်း၊ မိုးရာသီ တောင်ပြိုမြေ ဖယ်ရှားခြင်း (၂၂၃၈၂)ကျင်းနဲ့ လမ်းသား နှိမ့်ချခြင်း (၂)ဖာလုံ လုပ်ငန်းများကို ရာသီမရွေးသွားလာ နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလုပ်ငန်းများရဲ့ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းကတော့ (၄၅)ရာခိုင်နှုန်းဖြစ်ပါတယ်။

မိုင်းပျဉ်း-မက်မန်းလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်းချဲ့ခြင်း (၁၃)မိုင် (၆)ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း(၅)မိုင်၊ အမာခံလမ်းခင်းခြင်း(၂၁)မိုင်(၃)ဖာလုံ၊ ကျောက် လမ်းခင်းခြင်း(၄)မိုင်(၇)ဖာလုံ၊ မြေထိန်းနံရံနဲ့ ကျောက်စီရေမြောင်းတွဲလျက် တည်ဆောက်ခြင်း(၆၈၅၀) ပေ၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း(၆၀၀)ပေ၊ တံတားနဲ့ရေပြွန်တည်ဆောက်ခြင်း(၁၈)စင်း၊ ချောင်းသဲကျောက်(၉)လက်မ ထုခင်းခြင်း(၉)မိုင်၊ လမ်းဘေးရေမြောင်းတူးခြင်း (၉)မိုင်(၇)ဖာလုံ၊ ကျောက်စီ ရေမြောင်းတည်ဆောက်ခြင်း(၁၅၈၄၀)ပေ၊ လမ်းချိုင့်ခွက်များဖြည့်ခင်းခြင်း(၁၅)မိုင်၊ လမ်းပို

ဖော်ခြင်းနဲ့လမ်းပခုံးပြုပြင်ခြင်း(၂၃)မိုင် စတဲ့လုပ်ငန်းများကို ကျွန်တော်တို့ ရန်ပုံငွေကျပ်(၆၇၇၃.၆) သန်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် (၄၉၁.၇၃)သန်း စုစုပေါင်းကျပ်သန်းပေါင်း(၇၂၆၃.၃၃) လျာထားပြီးတော့ဆောင်ရွက်သွားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းပျဉ်း-မက်မန်းလမ်းဟာ (၇၃)မိုင် ရှည်လျားပြီး လမ်းခင်းကျောက် ရရှိရန်အတွက် အခက်အခဲရှိတာကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး လမ်းရဲ့အချို့ အပိုင်းများကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ အတက်အဆင်းကြမ်းတဲ့ အပိုင်းတွေကို ကွန်ကရစ် လမ်းအဖြစ်လည်းကောင်း လုပ်ငန်းစတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းတစ်လျှောက် ယာဉ် အန္တရာယ် ကင်းရှင်းစေရန်အတွက် သတိပေးဆိုင်းဘုတ်၊ အသိပေးဆိုင်းဘုတ်၊ လမ်းညွှန် ဆိုင်းဘုတ် များကိုလည်း စနစ်တကျ တပ်ဆင်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါအပြင် ရာသီမရွေး သွားလာနိုင်တဲ့ ကတ္တရာလမ်းမကြီးအဖြစ် ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် စီမံချက်များရေးဆွဲပြီး ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံပြီး လုပ်ငန်းများဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးသိန်းလှိုင်မှမေးမြန်းထားတဲ့ ကလေးဝ လမ်းအား တစ်ဖက်(၆)ပေစီ တိုးချဲ့ပေးရန် ၎င်းလမ်းပေါ်ရှိ ဥပုတ်ချောင်းတံတားနှင့် သံတံတား ချောင်းတံတားတို့အား တစ်ဖက်(၆)ပေစီ တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးမြို့မှ ကလေးဝအထွက်လမ်းဖြစ်တဲ့ ကျီကုန်း-ကလေးလမ်းဟာ (၆) မိုင်(၁)ဖာလုံရှည်လျားတဲ့လမ်းဖြစ်ပါတယ်။ ဒီမှာကျွန်တော် Power Point နဲ့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီဟာကလေးမြို့ဖြစ်ပါတယ်။ ဒါကျီကုန်းဖြစ်ပါတယ်။ ဒါဆက်သွားရင် ကလေးဝကို ရောက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတာက ကလေးက နေပြီးတော့ ကျီကုန်းအတွင်း (၆)မိုင်(၁)ဖာလုံရှိတဲ့လမ်းကို တစ်ဖက်(၆)ပေစီချဲ့ပေးဖို့ဆိုပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ဒီဟာချဲ့ပေးဖို့အတွက်ကို စတင်ဆောင်ရွက်ပါပြီ။ ဒီနှစ်မှာ ရန်ပုံငွေကျပ် သန်း(၉၀)နဲ့ ကျွန်တော်တို့ တစ်ဖက်ကို (၆)ပေ ချဲ့တဲ့အလုပ်ကို တစ်မိုင်စတင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထို့အတူပဲ ဒီမှာတင်ပြထားတဲ့ မိုင်တိုင် ၅၄ နဲ့ ၅၅ အကြားမှာ ရှိတဲ့သံတံတားချောင်း ဒီချောင်းဖြစ်ပါတယ်။ ဒီချောင်းကိုလည်းကျွန်တော်တို့ ရန်ပုံငွေကျပ်(၃၇)သန်းနဲ့ (၄၈)ပေအကျယ် တံတားအဖြစ်ကျွန်တော်တို့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထို့အတူပါပဲ ဒီမှာကျွန်တော်တို့ မိုင်တိုင် (၃/၆) မှာတည်ရှိတဲ့ ဥပုသ်ချောင်းတံတားကိုလည်းပဲ ကျွန်တော်တို့ရန်ပုံငွေကျပ် (၅၈)သန်းနဲ့ (၄၈)ပေအကျယ် တံတားအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းလေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇုန်လှယ်ထန်းမှ မေးမြန်းထားတဲ့ ဖလမ်းမြို့(၉) လုံးတွဲ အိုးအိမ်အိမ်ရာနေရာတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော် ကိုယ်စားလှယ်များ နှင့် ပြည်သူများသို့ ရောင်းချပေးနိုင်ခြင်း ရှိ /မရှိ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနအနေနဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် မြို့နယ်ဦးစီးမှူးရုံးတည်ရှိပြီး ဝန်ထမ်းအိမ်ရာတိုက်(၄၅)လုံး၊ အခန်းပေါင်း(၅၀)ခန်း၊ မြို့ပြ(လခရ)တိုက်(၂၂)လုံး၊ အခန်းပေါင်း(၂၄)ခန်းအား ဌာနဆိုင်ရာ အသီးသီးရှိ ဝန်ထမ်းများနေထိုင်မှုအဆင်ပြေစေရေးအတွက် ၁၉၅၉-၁၉၆၀ ခုနှစ်မှ စတင်ပြီးတော့ ငှားရမ်းနေရာချထားဆောင်ရွက်ခဲ့ပါတယ်။ ၎င်းအဆောက်အဦများသည် သွပ်မိုး၊ မြေစေးသရွက်စီ အမျိုးအစား ဖြစ်ပြီး ယခင်ငှားရမ်းခတစ်လ(၂၃)ကျပ်ဖြင့် ကောက်ခံခဲ့ရာမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ပြီးတော့ နေထိုင်သူ ဝန်ထမ်းများရဲ့မူရင်းလစာပေါ်မှာ အရာထမ်း(၅)ရာခိုင်နှုန်းနှင့် အမှုထမ်း(၃) ရာခိုင်နှုန်းဖြင့်ပြောင်းလဲ ကောက်ခံ၍ ငှားရမ်းခများကို ပြည်နယ်ရန်ပုံငွေသို့ ပေးသွင်းခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ(၉)လုံးတွဲအိမ်ရာသည် ဖလမ်းမြို့၊ ဖာထောက်ရ်ရပ်ကွက် မြေဧရိယာ(၀.၄၇၁)ဧက နေရာတွင် တည်ရှိသော ဝန်ထမ်းအိမ်ရာအမှတ်(၆+၇) အကျယ်အဝန်း(၁၀၂၀) စတုရန်းပေရှိပြီးတော့ ဝန်ထမ်း အိမ်ရာအမှတ်(၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆) အဆောက်အဦ(၁)လုံးစီဟာ အကျယ်အဝန်း (၅၁၀) စတုရန်းပေတို့ဖြစ်ပြီးတော့ ချင်းပြည်နယ်အစိုးရမှ စီမံခန့်ခွဲလျက်ရှိပါတယ်။ ယခုလက်ရှိတွင် ဝန်ထမ်းများငှားရမ်းနေထိုင်လျက်ရှိပြီးတော့ ၎င်းအဆောက်အဦများအား ပြန်လည်ပြင်ဆင် ထိန်းသိမ်းရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာရုံးများနှင့် ညှိနှိုင်းဆောင်ရွက် လျက်ရှိပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်များအား ပြည်နယ်ရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် ထည့်သွင်း လျာထားဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဖလမ်းမြို့(၉)လုံးတွဲအိုးအိမ်အိမ်ရာနေရာတွင် တန်ဖိုးနည်းအိမ်ရာများ တည်ဆောက်ပေးပြီး ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများသို့ ရောင်းချပေးရန် နှင့် စပ်လျဉ်းပြီးတော့ အဆိုပါ(၉)လုံးတွဲ အိမ်ရာအဆောက်အဦဟာချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲလျက်ရှိသောကြောင့် ချင်းပြည်နယ်အစိုးရအား မေးမြန်းခဲ့ရာ လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် တန်ဖိုးနည်းအိမ်ရာများပြန်လည်တည်ဆောက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် အကွက်ချပုံစံများ၊ အဆောက်အဦပုံစံများ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးနု မေးမြန်းထားတဲ့ အိမ်ရာမြေကွက် ဖော်ထုတ်ရေးစီမံချက် အောင်မြင်ပြီးမြောက်ရေး ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းပြီးမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့စွန် နွယ်ခွေကျေးရွာ အနီးမှာရှိတဲ့မူလရပ်ကွက်ဟောင်းကို ၁၉၈၉ ခုနှစ်တွင် လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာအနီးသို့ ရွှေ့ပြောင်းအကွက်ရိုက်နေရာချထားခဲ့ပြီး ရပ်ကွက်ဟောင်းမြေနေရာမှာ ထောက်ကြန့်မြို့တိုးချဲ့ရပ်ကွက်သစ်ကို စနစ်တကျ Town Plan အကွက်ချမြေပုံရေးဆွဲပေးခဲ့ပါတယ်။ ထောက်ကြန့်မြို့တိုးချဲ့ရပ်ကွက်မှာ လူနေမြေကွက်များ နေရာချထားပေးခြင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ရဲ့ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ခဲ့ခြင်း

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ ငါးဆူတောင် ရပ်ကွက်နှင့်ထောက်ကြန့်တိုးချဲ့ရပ်ကွက်များကို အကွက်ချပုံစံ Block Map ရေးဆွဲပေးရန် တာဝန်ကိုသာဆောင်ရွက်ရပြီးတော့ လမ်း၊ ရေမြောင်း၊ လျှပ်စစ်၊ ရေပေးစနစ်စသည့် အခြေခံအဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ပေးအပ်ခြင်း မရှိခဲ့ကြောင်း သိရှိရပါတယ်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့မြေစာရင်းထိန်းသိမ်းဆောင်ရွက်ရာတွင် ပါဝင်ခဲ့သော ထောက်ကြန့်မြို့ မြေစီမံခန့်ခွဲမှုကို ၁၉၉၃-၁၉၉၄ ခုနှစ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ရာမှာ ၎င်းတိုးချဲ့ရပ်ကွက်ဟာလည်း ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။ သို့ပါ၍ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့ တိုးချဲ့ရပ်ကွက်တွင် မြို့ကွက်သစ်ဖော်ထုတ်စဥ်က ဆက်လက်အကောင်အထည်ဖော်ရန် ကျန်နေသည့် ပလပ်မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏စီမံခန့်ခွဲမှုအောက်မှာမရှိပါကြောင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲတဲ့ အဆိုပါမြေလွတ်မြေလပ်များမှာ တန်ဖိုးနည်းအထပ်မြင့်အိမ်ရာများ ဆောက်လုပ်၍ အမှန်တကယ်နေရေးအခက်အခဲ ကြုံနေကြသောဒေသခံများအား ပြန်လည်နေရာချထားပေးရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လမ်းညွှန်ပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ညှိနှိုင်းပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်းမေးမြန်းခွင့်ပြု။ ဟုတ်ကဲ့ ဒီဝန်ကြီးဖြေတဲ့အတိုင်းပဲ မြို့ပြ၊ မြို့၊ ရွာ နှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဟာ အခြေခံဥပဒေမှာ ဇယား(၂)မှာ ရှိပါတယ်။ ဒါမှန်ပါတယ်။ သို့သော် အခုအိုးအိမ်ဦးစီးဌာနကလည်း ဒီ ပြည်ထောင်စုနယ်မြေမှာလည်း ရှိနေပါတယ်။ ဒါကြောင့်ကျွန်တော်ပြည်ထောင်စုမှာ တင်ရခြင်းဖြစ်ပါတယ်။ ဒါကျွန်တော်တို့ စောစောတုန်းကတင်ပြတဲ့အတိုင်းပေါ့နော် ဒီ ပြည်ထောင်စုအနေနဲ့လည်း ပြည်နယ်တွေမှာ ပေါင်းစပ်ညှိနှိုင်းပြီးတော့ တိုက်တွန်းပေးစေချင်ပါတယ်။ နဂိုက အစိုးရကိုင်ခဲ့တာ ဆိုတော့ သူကပဲ အခု စီမံခန့်ခွဲမှုုကလည်းပဲ တစ်ဖက်တစ်လမ်းကနေပြီးတော့ လုပ်နေပါတယ်။ ဒါမျိုးက ကျွန်တော်တို့ အခု ကျွန်တော် အခုလက်ရှိ တကယ်လိုအပ်နေတဲ့ဟာတွေဖြစ်တယ်။ ဒါကြောင့် ဒီနေရာမှာ အဲဒီနေရာမှာ အဆင်မပြေဘူးဆိုရင်လည်း တခြားနေရာမှာပေါ့နော်။ ဒါဒီအိမ်ရာစီမံကိန်းကို --------

**ဥက္ကဋ္ဌ။** ။ ဒါမေးခွန်းအသစ်ဖြစ်သွားပြီ။ မေးခွန်းအသစ်အနေနဲ့ထပ်မေးပါ။ ဒီနေရာက ခုနက ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုအောက်မှာရှိတယ်။ ထပ်မေးလို့ရှိရင်လည်း ပြည်နယ်ကို ထပ်မေးရမယ့်သဘောဖြစ်တော့ မေးခွန်းအသစ်ထပ်မေးဖို့လိုတယ်။ (ဆပ်ပလီမန်ထရီ)နဲ့ မဆိုင်ဘူး ပေါ့နော်။ ကိုယ်လိုချင်ရင်တော့လည်း ညှိနှိုင်းပေးပါ။ ကိုယ်မလိုချင်တော့လည်း ဗဟိုချုပ်ကိုင်မှု လျှော့ချပေးပါဆိုသလို ဖြစ်နေတယ်။ အစည်းအဝေးကို (၁၅)မိနစ်ရပ်မယ်နော်။ ဦးဆိုင်ပေါင်းနပ်။ ခဏနေဦး။ ခဏနေဦး။ (၁၅)မိနစ်ရပ်ဆိုတဲ့အချိန်မှာ မိုက်တောင်းတာ။

**အချိန်၊ ၁၁း၀၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ခုနက ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီး ဖြေကြားသွားတဲ့ အချက်များအားလုံးဟာ ကျွန်တော် အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်လည်း ဝမ်းသာပါတယ်။ နောက်ဆုံးတစ်ခုလေး ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီးကို မေတ္တာရပ်ခံပန်ကြားလိုတဲ့အချက်က အခုကျွန်တော်တို့ ဒီရာသီမရွေး သွားလာဖို့ အခက်အခဲရှိတဲ့အတွက်ကြောင့် အထူးသဖြင့် မိုင်းပျဉ်းမြို့ကနေ (၇)မိုင် လောက်ဝေးတဲ့ နမ့်ခေတ်ရွာနားမှာ အဲဒီမှာ ရေက သုံးသွယ်လောက်ရှိတယ်။ ကျွန်တော်တို့ ဒီမိုးရာသီ ကျွန်တော်ကိုယ်တိုင်ပဲ အဲဒီချောင်းကိုဖြတ်တဲ့အချိန် ရေထဲမှာလည်းပဲ မျောပါသွားခဲ့တယ်။ အဲဒီ ချောင်း(၃)ခု မိုးရာသီကျတော့ ကြီးလာတဲ့အချိန်မှာ ကျွန်တော်တို့ ဆိုင်ကယ်တို့၊ ကားတို့ပါ၊ လူကိုပါ သူက ဖြတ်သန်းသွားလာလို့ သိပ်မရဘူး။ အဲဒီတော့ ဒီရေကိုမဖြတ်ဘဲနဲ့ ရွာရှောင်လမ်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနကနေ စီမံမယ်လို့ ကြားသိရပါတယ်။ ဒီဥစ္စာကို ဦးစားပေးပြီးတော့ အရင်ဆုံး ရွာရှောင်လမ်း ကိုလည်း ဖောက်လုပ်ပေးရင် ပိုပြီးတော့ ပြည်သူလူထုအတွက် အကျိုးထိရောက်ပြီးတော့ လမ်းပန်း ဆက်သွယ်ရေးလည်း ပိုမိုပြီးတော့ အထောက်အကူပေးပါတယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်တဲ့ အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးအား ဒီကိစ္စကို အမြန်ဆုံးဦးစားပေး ပြီးတော့မှ ရွာရှောင် လမ်းကို ဖောက်လုပ်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဆိုင်ပေါင်းနပ် ရေထဲပါသွားတဲ့ပုံကို Power Point နဲ့တင်ရင်ကောင်းမယ်။

**ဦးစိုးတင့် (ဒုတိယဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ဦးဆိုင်ပေါင်းနပ် တင်ပြပေးတဲ့အတွက် ကျွန်တော်တို့ ထပ်ပြီးတော့ ကျေးဇူးတင်ပါတယ်။ ဒီလမ်းနဲ့ ပတ်သက်လို့လည်းပဲ အခုဒါ မိုင်းပျဉ်းကနေပြီးတော့ (၇)မိုင်လောက် ကွာတဲ့နေရာမှာ ရွာရှောင်လမ်း အမှန်တကယ် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့က တည့်တည့် သွားရင် အဲဒီချောင်း ရေစီးသန်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အဖွဲ့တွေလည်း အဲဒီမှာ သွားပြီးတော့ ရွာရှောင်လမ်းလေးအတွက်ကို ကျွန်တော်တို့ဆောင်ရွက်ပေးဖို့ စေလွှတ်ပြီးတော့ အမြန်ဆုံး ဆောင်ရွက် ပေးမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက် သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက် သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင် ခံစာကို လွှတ်တော်ကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၉။**

**ဒေါ်နန်းနီနီအေး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသား လွှတ်တော် ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က ဦးခင်မောင်လတ်ရဲ့ မလေးရှားနိုင်ငံတွင် မြန်မာ လူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့ လုပ်ဆောင်နေသည်ကို သိရှိလိုခြင်းမေးခွန်းနဲ့ စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ အပိုင်း(၁)ကို ကော်မတီ၏ကိုယ်စား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်

နိဒါန်း

၁။ အမျိုးသားလွှတ်တော်၏ ၁၅-၉-၂၀၁၄ ရက်နေ့ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်၏

မလေးရှားနိုင်ငံတွင် မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်မှုများကို တားဆီးရန် မည်သို့လုပ်ဆောင်နေသည်ကို သိရှိလိုခြင်း မေးခွန်းမေးမြန်းခဲ့မှုအပေါ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှ လွှတ်တော်အခွင့်အရေး ကော်မတီကနေပြီးတော့ အချက်အလက်တွေ ရှာဖွေပါ။ ကျွန်တော်တို့ Internet က Facebook က တွေ့တဲ့ကိစ္စတွေက မှန်လားမသိ၊ မှားလားမသိ၊ ကိုယ့်လူ လွန်လားမသိ၊ သူ့လူ လွန်လားမသိ ဖြစ်နေတဲ့အခါကျတော့ လွှတ်တော်အခွင့်အရေးကော်မတီ အနေနဲ့ ပြည်ထဲရေး ဝန်ကြီးဌာနရယ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒါတွေနဲ့ သက်ဆိုင်တဲ့ ဆက်စပ်ဝန်ကြီးဌာနတွေ ဖိတ်ခေါ်ပြီးတော့ ဖြစ်စဥ်တွေ အသေးစိတ်စိစစ်ပြီးတော့ ခုနက ဒေါက်တာအေးမောင် ဖြစ်စဥ်မျိုးနဲ့ပတ်သက်လို့ စစ်ဆေးတွေ့ရှိချက်တွေလည်း ပြည်ထဲရေးက အကူအညီပေးပါ။ ဒါတွေဖော်ပြပြီးတော့ စာကြမ်းတစ်စောင်ပြုစုပြီး ကျွန်တော်တို့ လက်မှတ် ရေးထိုးပြီးတော့ လွှတ်တော်ဥက္ကဋ္ဌ အချင်းချင်းအနေနဲ့ ဒါမျိုးကို ကျွန်တော်တို့ အရေးဆိုတဲ့စာ ပေးပို့ဖို့ လိုအပ်ပါတယ်။ မြန်မြန်လေးဆောင်ရွက်ဖို့လိုပါတယ်ဟု မှတ်ချက်ပြုခဲ့ခြင်းအပေါ် လွှတ်တော်အခွင့် အရေး ကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံဖြတ်ကျော်မှုခင်း ဌာနကြီးမှ ရဲမှူးကြီးအောင်ဌေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝေလွင်သန်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့နှင့် ၁၆-၉-၂၀၁၄ ရက်နေ့၊ ၁၉-၉-၂၀၁၄ ရက်နေ့၊ ၃၀-၁၀-၂၀၁၄ ရက်နေ့နှင့် ၃၁-၁၀-၂၀၁၄ ရက်နေ့များမှာ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ အစည်းအဝေးခန်းမ၌ အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဥ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ အိမ်နီးနားချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိသည့် အပြင်ဒေသတွင်းနိုင်ငံများနှင့်လည်း အဆိုပါမူကြီး (၅) ချက်အပေါ် အခြေခံလျက် နိုင်ငံအချင်းချင်း ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၇ ခုနှစ်တွင် ဝင်ရောက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် မလေးရှား နိုင်ငံတို့သည် ၁၉၅၈ ခုနှစ် ကတည်းကပင် ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန်ကူးသန်းသွားလာမှုများ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်စေရေး၊ ဒီမိုကရေစီအစိုးရစနစ် ပြောင်းလဲမှုများနှင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်မှုများတွင် မလေးရှားနိုင်ငံသည် များစွာထောက်ခံကူညီမှုများပေးခဲ့သည့် မိတ်ဆွေရင်းချာနိုင်ငံဖြစ်ပါသည်။ ထိုသို့ ဖြစ်ပေါ်နေသော ချစ်ကြည်ရင်းနှီးမှု အကြောင်းတရားများ ကြောင့်မြန်မာနိုင်ငံသားများသည် မလေးရှားနိုင်ငံတွင် ပညာတော်သင်ယူမှုများ၊ အပြန်အလှန်ရင်းနှီး မြှုပ်နှံ၍ စီးပွားရေးအရ ဆက်သွယ်ဆက်ဆံမှုများ၊ မလေးရှားနိုင်ငံရှိ စက်ရုံအလုပ်ရုံများတွင် မြန်မာ နိုင်ငံသားများ ဝင်ရောက်အလုပ်လုပ်ကိုင်မှုများ ရှိနေခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ မတ်လတွင် ရရှိသော စာရင်းများအရ မလေးရှားနိုင်ငံတွင် မြန်မာနိုင်ငံသား (၁၄၄,၀၀၀)ခန့် ရောက်ရှိနေထိုင်လျက်ရှိ ကြောင်းတွေ့ရှိရပါသည်။

မြန်မာ-မလေးရှား ရဲတပ်ဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှုအခြေအနေ

၃။ မြန်မာနိုင်ငံသည် ၁၉၅၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အာဆီယံရဲအဖွဲ့သို့လည်းကောင်းဝင်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာမှုခင်းကိစ္စများတွင် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၏ အခြေခံဥပဒေအရ နိုင်ငံရေး၊ စစ်ရေး၊ လူမျိုးရေး၊ ဘာသာရေးနှင့်ဆက်နွယ်သည့် ကိစ္စရပ်များကို အကူအညီတောင်းခံခြင်းမပြုနိုင်ဘဲ ပြစ်မှုကျူးလွန်သူများကိုသာ အပြန်အလှန် တောင်းဆိုခွင့် အကူအညီပေးခွင့်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများအကြားမှလည်း နိုင်ငံဖြတ်ကျော် မှုခင်းများကို ပူးပေါင်းတားဆီးနှိမ်နှင်းပေးပြီး ဒေသအတွင်း လုံခြုံမှုနှင့် ငြိမ်းချမ်းမှုရရှိစေရန်အတွက် အာဆီယံရဲအဖွဲ့ကို တည်ထောင်ထားရှိပြီး အတွင်းရေးမှူးရုံးမှာ မလေးရှားနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ တည်ရှိပါကြောင်း၊ နိုင်ငံရပ်ခြားတွင် မှုခင်းဖြစ်ပွားပြီး ထွက်ပြေး တိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူ နိုင်ငံခြားသားများကို မိမိနိုင်ငံအတွင်း ကူညီစုံစမ်းပေးခြင်း၊ ရှာဖွေဖမ်းဆီးပြီး ပြန်လည်လွှဲပြောင်းပေးခြင်း၊ မိမိနိုင်ငံတွင် မှုခင်းဖြစ်ပွားပြီး ပြည်ပနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှု ကျူးလွန်သူ မြန်မာနိုင်ငံသားများကို ဖမ်းဆီးရမိရေးအတွက် အဖွဲ့ဝင်နိုင်ငံများထံ ဆက်သွယ်အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း မြန်မာ နိုင်ငံမှ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့ အကူအညီတောင်းခံခဲ့သည့် အမှုအရေအတွက် (၅၅)မှုရှိပြီး နိုင်ငံတကာမှ အကူအညီတောင်းခံလာသည့် အမှုအရေအတွက် (၇၇) မှုရှိပါကြောင်း၊ ၎င်းတို့အနက် အမှုပေါင်း (၃၆)မှုအား အပြန်အလှန် အကူအညီပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူ အညီတောင်းခံသည့် အမှု (၁၁) မှု၊ မလေးရှားနိုင်ငံရဲတပ်ဖွဲ့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်အကူ အညီတောင်းခံသည့် အမှု (၁၀) မှု၊ စုစုပေါင်း (၂၁) မှုကို အပြန်အလှန် ဆက်သွယ်အကူအညီ တောင်းခံဆောင်ရွက်ခဲ့ကြပါကြောင်း၊ ၎င်းတို့အနက် အမှုပေါင်း (၁၀) မှုကို အပြန်အလှန် အကူအညီ ပေးနိုင်ခဲ့ပြီး ကျန်အမှုများကိုလည်း ဆက်လက် စုံစမ်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ထိုသို့ကူညီ ဆောင်ရွက်မှုများသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ နိုင်ငံရေးအရ ပူးပေါင်း ဆောင်ရွက်လိုမှု၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကူအညီ တောင်းခံမှု တို့အပေါ်တွင် အခြေခံဆောင်ရွက်ခြင်းဖြစ်ပြီး ဥပဒေအရ စည်းနှောင်မှု မရှိပါကြောင်း၊ နိုင်ငံရပ်ခြားတွင်ဖြစ်ပွားသောပြစ်မှုများကို ထိုနိုင်ငံ၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်ဖြင့်သာ အရေးယူ ဆောင်ရွက်ခြင်းဖြစ်ရာ ထိုနိုင်ငံ၏ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးဆောင်ရွက်မှု၊ တရားစီရင်ပိုင်ခွင့် Jurisdiction တို့ကို မိမိတို့နိုင်ငံအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့် မရှိသည့်အတွက် သတိပြုရပါကြောင်းတွေ့ရှိရပါသည်။

အဓိကဖြစ်စဉ်များ

၄။ မလေးရှားနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ယနေ့အထိ မြန်မာနိုင်ငံသားများ လုပ်ကြံခံရမှု (၁)ကြိမ်နှင့် အကြမ်းဖက်သတ်ဖြတ်ခံရမှု (၅) ကြိမ်ရှိခဲ့ပါသည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်အဖွဲ့သည် မလေးရှားနိုင်ငံရောက် ရခိုင်လူမှုကယ်ဆယ်ရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့အတွင်း မော်တော်ယာဉ်ဖြင့် သွားလာနေစဉ် မလေးရှား

စံတော်ချိန် ၂၃:၂၀ နာရီအချိန်ခန့် ဆိုင်ကယ်စီးလာသူ (၂)ဦးမှ ဓားချင်းယှဉ်၍ သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ် နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်၏ တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့မရဲစခန်း (ပ) ၃၂/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၇/၄၂၇/၁၁၄ (လူသတ်မှုကျူးလွန်ရန်အားထုတ်မှု၊ အကျိုးဖျက်ဆီးမှု၊ အားပေးကူညီမှု) တို့ဖြင့် အမှုလက်ခံရေးဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှုနှင့်ပတ်သက်၍ မျက်မြင်သက်သေ (၅)ဦးအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး ရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ တရားခံ (၂) ဦးကို ဖမ်းဆီးရမိနိုင်ရေးအတွက် မလေးရှားနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး၊ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့တို့နှင့် ဆက်သွယ်ပူးပေါင်းစုံစမ်း ဖော်ထုတ်လျက်ရှိပါကြောင်း၊ ပြစ်မှုကျူးလွန်သူတွေကို ဖော်ထုတ်ဖမ်းဆီး နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မလေးရှားနိုင်ငံ အပြည်ပြည် ဆိုင်ရာရဲအဖွဲ့သို့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် I-24/7 ဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက်နေ့ အင်တာနက် စာမျက်နှာများတွင် မြန်မာနိုင်ငံသား တစ်ဦးကို မလေးရှားနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးထားကြောင်း တွေ့ရှိရသဖြင့် မတ်လ ၅ ရက်နေ့တွင် I-24/7 ဖြင့် ထပ်မံမေးမြန်းခဲ့ရာ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့မှ အကြောင်းပြန်ကြားခြင်း မရှိ၍ အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးသို့ ၂၀၁၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် အီးမေးလ်ဖြင့် ထပ်မံမေးမြန်းခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့မှ အဆိုပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းဆဲဖြစ်ပြီး ပေါ်ပေါက်ချက်အား မကြာမီ ပြန်ကြားပေးမည်ဖြစ်ကြောင်း မတ်လ(၂၀)ရက်နေ့တွင် အကြောင်းပြန်ကြားလာခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင်ထပ်မံပြီး မလေးရှား နိုင်ငံအပြည်ပြည်ဆိုင်ရာရဲအဖွဲ့သို့ ဆက်သွယ် အကြောင်းကြားခဲ့ပါကြောင်း တွေ့ရှိရပါသည်။

၅။ ထို့ပြင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၄) ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင် ရဲမှူးကြီးအောင်ဌေးမြင့်မှ မလေးရှားနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Datuk Seri Mohd Bakri Mohd Zinin အား အဆိုပါကိစ္စနှင့်ပတ်သက်၍အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အကူအညီတောင်းခံခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံရောက် မြန်မာ နိုင်ငံသားများ အကြမ်းဖက်ခံရမှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့်၊ စစ်သံမှူး ဗိုလ်ချုပ် ဝင်းမောင်နှင့် ဒုတိယအတွင်းဝန် ဦးတင်အောင်ဝင်း တို့အဖွဲ့မှ မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာနှင့် ကောင်စစ် ရေးရာဌာန ဒုတိယအကြီးအကဲ Y.BHG Dato Ahmat Nazri Yusof နှင့်အဖွဲ့ကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် သွားရောက်တွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက် တိုက်ခိုက်မှုမရှိစေရန်အတွက် ကာကွယ်စောင့်ရှောက် ပေးရန်နှင့် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ်၌ ကျူးလွန်သည့်တရားခံများကို အမြန်ဆုံးဖော်ထုတ် အရေးယူပေးနိုင်ရန် တောင်းဆိုခဲ့ကြောင်းနှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန ဒုတိယအကြီးအကဲမှလည်း ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုခင်းဖြစ်စဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံး အကြောင်းကြားပေးခဲ့ပါကြောင်း၊ မြန်မာသံရုံး၊ စစ်သံရုံးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာနိုင်ငံသားများ၏ လုံခြုံရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ပေးရန် မလေးရှားရဲတပ်ဖွဲ့ဌာန

အသီးသီးသို့ ဆက်လက်ညွှန်ကြားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် မြန်မာနိုင်ငံသားများ၏ လုံခြုံရေးကိစ္စအား အလေးအနက်ထား ဆောင်ရွက်ပေးသွားမည်ဟု ပြန်လည်ပြောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

၆။ အောင်ခင် (ခ) တိုနီ၊ မျိုးပိုင်၊ သက်လွင်၊ ကျော်တန်လှနှင့် ထွန်းရန်မောင် တို့ အသတ်ခံရသည့်ကိစ္စ။ မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် နေထိုင်သည့် အောင်ခင် (ခ) တိုနီ (၄၀)နှစ်သည် ပီနန်းပြည်နယ်၊ ဘာတာဝပ်မြို့တွင် ၇-၇-၂၀၁၄ တွင်လည်းကောင်း၊ မျိုးပိုင် (၅၂)နှစ်သည် ဆီလင်ဂေါပြည်နယ်၊ ပူးချွန်းမြို့တွင် ၉-၇-၂၀၁၄ ရက်နေ့တွင်လည်းကောင်း အသတ်ခံရပါကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ အင်တာပိုလ် လမ်းကြောင်းမှတစ်ဆင့်လည်းကောင်း၊ ရဲတပ်ဖွဲ့ အချင်းချင်း ဆက်သွယ်ဆက်ဆံသည့် ရဲအရာရှိများမှလည်းကောင်း မေးမြန်းခဲ့သော်လည်း တိတိကျကျ ပြန်ကြားခြင်း မရှိခဲ့ဘဲ မလေးရှားနိုင်ငံရှိမြန်မာသံရုံး သံအမတ်ကြီးတို့မှ ကိုယ်တိုင်သွားရောက် ဆက်သွယ်ဆောင်ရွက်ခဲ့ရပါကြောင်း၊ မလေးရှားနိုင်ငံတောင်ပိုင်း ဂျိုဟိုးဘာရူး ပြည်နယ်၊ ကူလိုင်းမြို့မှ သန့်ရှင်းရေး အလုပ်သမားဖြစ်သူ သက်လွင်သည် ၂၉-၇-၂၀၁၄ ရက်နေ့ညပိုင်းတွင် အသတ်ခံရပါကြောင်း၊ ဖြစ်စဉ်အား ၎င်း၏ဇနီးဖြစ်သူက ရဲစခန်းနှင့် သံရုံးသို့ သွားရောက်တိုင်ကြားပြီး သံရုံးမှတာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် တရားခံ (၄) ဦးကို ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ဖမ်းဆီး ရမိသည့်တရားခံများသည် မြန်မာနိုင်ငံသားများဟု ၎င်းတို့နိုင်ငံထုတ် သတင်းစာများမှ ရေးသားခဲ့သော်လည်း ပုံသဏ္ဍာန်၊ ဘာသာစကားတို့မှာ ၎င်းတို့ဘင်္ဂါလီလူမျိုးများသာဖြစ်ပြီး အမှုအား ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်ထိ စစ်ဆေးဆဲ ဖြစ်ကြောင်းနှင့် အမှုနှင့်ပတ်သက်၍ မေးမြန်းမှုများအပေါ် ဖြေကြားခြင်း မရှိသေးပါကြောင်း၊ မလေးရှားနိုင်ငံ၊ ပီနန်းပြည်နယ်၊ ဘူကစ်မာတာဂျာ အရပ်တွင် ကျော်တန်လှနှင့် ထွန်းရန်မောင်တို့အား ၁၅-၉-၂၀၁၄ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါအမှုဖြစ်ပွားမှုနှင့်ပတ်သက်၍ ပီနန်ပြည်နယ် အထူးရဲအဖွဲ့အကြီးအကဲ၊ မလေးရှား ရဲချုပ်ရုံးနှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ထံ မြန်မာသံအမတ်ကြီး ကိုယ်တိုင် သွားရောက်တွေ့ဆုံဆောင်ရွက်မှသာ ရဲစခန်း အတည်ပြုချက်အား (၁၈-၉-၂၀၁၄) ရက်နေ့ ၁၆း၀၀ အချိန် တွင် ရရှိခဲ့ပါကြောင်း တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံ၏ ရပ်တည်ချက်အား ပြန်ကြားလာခြင်း

၇။ မလေးရှားနိုင်ငံတွင် ဖြစ်ပွားခဲ့သော မြန်မာနိုင်ငံသားများ အကြမ်းဖက်အသတ်ခံရမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်လမ်းကြောင်းမှလည်းကောင်း ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး မေးမြန်းရာ ၎င်းတို့၏ စိစစ်တွေ့ရှိချက်များအရ မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်နေခြင်းမဟုတ်ပါကြောင်း၊ မလေးရှားနိုင်ငံတွင် အလားတူမှုခင်းများ အခါအားလျော်စွာဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် တရားမဝင်လာရောက် နေထိုင်လုပ်ကိုင်နေသည့် နိုင်ငံခြားသားများအကြား အလုပ်လုလုပ်ခြင်း၊ ငွေကြေးပြဿနာဖြစ်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်/သုံးစွဲခြင်းနှင့် အခြားပုဂ္ဂိုလ်ရေးပဋိပက္ခများကြောင့် ဖြစ်ပွားခြင်းဖြစ်ပါကြောင်းနှင့် မလေးရှားနိုင်ငံတွင် နိုင်ငံခြားသားအများစုမှာ တရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂါလီ၊ မြန်မာနှင့် နီပေါလူမျိုးများဖြစ်ပြီး တရုတ်လူမျိုးများနှင့် ပြဿနာဖြစ်ပွားမှုနည်းပါးပြီး ကျန်လူမျိုးများနှင့် မှုခင်းဖြစ်ပွားမှု များပြားပါကြောင်း၊ အခြားနိုင်ငံခြားသားများ၏ အကြမ်းဖက် သတ်ဖြတ်ခံရသည့် ဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်ကိုတွေ့ရှိရပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ အကြံပြုတင်ပြချက်

၈။ ပြည်ပနိုင်ငံတစ်ခုတွင် ရောက်ရှိနေကြသည့် နိုင်ငံခြားသားများအနေဖြင့် အဆိုပါနိုင်ငံ၏ ဥပဒေများကို လေးစားလိုက်နာရမည်ဖြစ်ပြီး ထိုနိုင်ငံ၏ဥပဒေကလည်း နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်မှုပေးရမည်ဖြစ်ပါကြောင်း၊ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မလေးရှားနိုင်ငံဆိုင်ရာမြန်မာသံရုံးနှင့် စစ်သံရုံးတို့မှလည်း ဥပဒေနှင့်အညီရပ်တည်ကာ မိမိနိုင်ငံသားများဘက်မှ နစ်နာမှုမရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးရပါကြောင်း၊ မလေးရှားနိုင်ငံရောက် မြန်မာလူမျိုးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မလေးရှားနိုင်ငံဆိုင်ရာမြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ မလေးရှားနိုင်ငံခြားရေး ဝန်ကြီးဌာန၊ သံတမန်ရေးရာနှင့် ကောင်စစ်ရေးရာဌာန အကြီးအကဲများထံ တွေ့ဆုံညှိနှိုင်းပေါင်းစပ်ပြီး သံတမန် နည်းလမ်းအရ အကူအညီပေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီးက မလေးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံး၊ မလေးရှားနိုင်ငံ ရဲတပ်ဖွဲ့တို့နှင့် ဆက်သွယ်ပူးပေါင်း၍ နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုတို့အရ ပိုမိုကူညီ ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံမှတာဝန်ရှိသူများက မလေးရှားနိုင်ငံမှ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ အနေဖြင့်လည်း သတိရှိရှိ သွားလာနေထိုင်ကြရေး၊ လူမှုကွန်ယက်သတင်းများ ဖြစ်ပေါ်နေမှုများကို အဖြစ်မှန်သိရှိစေရန်နှင့် အရေးပေါ်အခြေအနေတွင် ဆက်သွယ်နိုင်သည့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ကွန်ယက်အဖွဲ့အစည်းများ ထားရှိနိုင်ရေး၊ မြန်မာ၊ မလေးရှား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာများတွင် ဥပဒေအရ အပြန်အလှန် အကူအညီပေးနိုင်ရေး (Mutual Legal Assistance Mechanism)ကို ထူထောင်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြထားပါကြောင်း တွေ့ရှိရပါသည်။

ဆက်လက်ပြီး ကော်မတီအစီရင်ခံစာ ဒုတိယပိုင်းကို ကော်မတီဝင်တစ်ဦးမှ လွှတ်တော်သို့ ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၄၈။**

**ဗိုလ်မှူးချုပ်သက်ထွန်းအောင်(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ဆက်လက်ဖတ်ကြားတင်ပြသွားမှ ဖြစ်ပါတယ်။

၉။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ မလေးရှားနိုင်ငံသို့ ၁၉၉၀ ပြည့်နှစ်မှစပြီးတော့မှ အလုပ်သမားများကို တရားဝင်စေလွှတ်လုပ်ကိုင်လျက် ရှိရာမှာ ၃၀-၉-၂၀၁၄ ရက်နေ့ထိ တရားဝင်အေဂျင်စီများမှတစ်ဆင့် အလုပ်သမား(၁၁၉,၂၄၇)ဦးကို စေလွှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် မလေးရှားနိုင်ငံသို့ တရားဝင်အလုပ်သမားများသာမက တရားမဝင်အလုပ်သမားများလည်း ဝင်ရောက် လုပ်ကိုင်နေမှုကြောင့် မလေးရှားနိုင်ငံတွင်ရောက်ရှိနေသော တရားမဝင်အထောက်အထားမဲ့ မြန်မာ အလုပ်သမားများကို နိုင်ငံကူးလက်မှတ် တရားဝင်ရရှိစေရန် 6P Program ကို မလေးရှားနိုင်ငံရှိ မြန်မာ သံရုံးမှာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှ စတင်ဆောင်ရွက်ပေးခဲ့ပြီးတော့မှ မြန်မာနိုင်ငံသားတရားမဝင်အလုပ်သမား (၁၄၄,၀၉၈) ဦးအနက် (၁၀၀,၈၃၀) ဦးအား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်များပြီးပြတ်မှုမရှိ၍ မြန်မာအစိုးရမှ ထပ်မံတောင်းဆို

လာမှုအပေါ် ၁၁-၉-၂၀၁၃ ရက်နေ့တွင် ပြုလုပ်တဲ့ မလေးရှားအစိုးရအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ မလေးရှားနိုင်ငံအစိုးရမှ ဆောင်ရွက် သော 6P Extension အစီအစဉ်တွင် အကျုံးဝင်တဲ့ မြန်မာအလုပ်သမားများအား သာမန်နိုင်ငံကူးလက်မှတ်များ အချိန်မီထုတ်ပေးနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာန နှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းထားတဲ့ အဖွဲ့ဝင်(၁၂)ဦး ပါဝင်သော သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်ဟာ မလေးရှားနိုင်ငံသံရုံး မှာ ၁၈-၁၂-၂၀၁၃ ရက်နေ့မှ စတင်စေလွှတ်ခဲ့ပြီး ၂၇-၁၂-၂၀၁၃ ရက်နေ့မှစ၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာ ၂၀-၁-၂၀၁၄ ရက်နေ့မှာ ပြီးဆုံးခဲ့ပါကြောင်း၊ ၂၇-၁၂-၂၀၁၃ ရက်နေ့မှ ၂၉-၁-၂၀၁၄ ရက်နေ့အထိ မြန်မာအလုပ်သမား ကျား (၃၈၅၈) ဦး၊ မ (၁၁၇၅) ဦး၊ စုစုပေါင်း (၅၀၃၃)ဦးကို Bio Data ကောက်ယူ ခြင်း၊ National Verification စစ်ဆေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ရန် Enrollment ရေးသွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးတော့ အလုပ်သမား (၄၆၆၆)ဦးကို နိုင်ငံသားစိစစ်၍ (၃၅၉၉)ဦးကို နိုင်ငံကူး လက်မှတ်များ ထုတ်ပေးခဲ့ပါကြောင်း တွေ့ရှိရပါတယ်။

၁၀။ သို့သော်လည်း တရားမဝင်အလုပ်သမားများ ရှိနေသေးကြောင်း သိရှိရတဲ့အတွက်ကြောင့် မို့လို့ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကြီးကြပ်မှုဖြင့် ဆောင်ရွက်တဲ့ မလေးရှားနိုင်ငံ ရောက် မြန်မာနိုင်ငံသား တရားမဝင်အလုပ်သမားများအား တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမယ့် အစီအစဉ်အသစ် (Cooperation in Registration, Legalization and Deportation of Undocumented Myanmar Workers in Malaysia)ကို ၂၄-၄-၂၀၁၄ ရက်နေ့မှစပြီးတော့မှ လုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်စေရာ အလုပ်သမား ကျား (၇၀၂၀) ဦး၊ မ (၁၉၅၀) ဦး၊ စုစုပေါင်း (၈၉၇၀) ဦးအား Bio Data ကောက်ယူခြင်း၊ National Verification စစ်ဆေး ခြင်း၊ အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဆိုင်ရာအချက်အလက် ကောက်ယူခြင်းနှင့် နိုင်ငံကူး လက်မှတ် ထုတ်ပေးနိုင်ရန် Enrollment ရေးသွင်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ အလုပ်သမားများအနက် အလုပ်သမား ၄၀၁၅ ဦးကို နိုင်ငံသား စိစစ်ပေးခဲ့ပြီး ကျား (၁၇၂၀) ဦး၊ မ (၅၄၈) ဦး၊ စုစုပေါင်း (၂၂၆၉) ဦးကို နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပါကြောင်း၊ ၃-၂-၂၀၁၄ ရက်နေ့မှ ၂၄-၁၀-၂၀၁၄ ရက်နေ့အထိ အလုပ်သမား (၅၈၆၈)ဦးကို နိုင်ငံကူးလက်မှတ်များ ထုတ်ပေးခဲ့ပြီး ဖြစ်ပါ တယ်။ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ အလုပ်သမားများကို Work Permit နှင့် Visa ရရှိရေးအတွက် မလေးရှားနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တွေ့ရှိရပါ တယ်။

၁၁။ နိုင်ငံတော်အနေဖြင့် မလေးရှားနိုင်ငံသို့ရောက်ရှိနေတဲ့ တရားမဝင်အထောက်အထားမဲ့ အလုပ်သမားများအား တရားဝင်ဖြစ်စေရေးအတွက် ငွေကြေးအကုန်အကျခံကာ ဝန်ကြီးဌာန (၃) ခုမှ ဝန်ထမ်းများနဲ့ မလေးရှားနိုင်ငံဆိုင်ရာမြန်မာသံရုံးမှာ ၂၇-၁၂-၂၀၁၃ ရက်နေ့မှစ၍ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း မျှော်မှန်းထားသလောက် အလုပ်သမားများမှလာရောက်ဆက်သွယ် လုပ်ကိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

၁၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်းပဲ မလေးရှားမှာ ရောက်ရှိနေတဲ့ တရားဝင်အလုပ်သမားဖြစ်စေ၊ တရားမဝင်အလုပ်သမားဖြစ်စေ ပြဿနာဖြစ်ပွားလာပါကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများရဲ့ မလေးရှားနိုင်ငံခရီးစဉ်များမှာလည်းပဲ မြန်မာအလုပ်သမားများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ ဆာလာရန်းဈေး၌ ၃၀-၅-၂၀၁၃ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ မြန်မာအလုပ်သမားများ သေဆုံးခဲ့သည့်ဖြစ်စဉ်နဲ့ ပတ်သက်၍လည်း ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ကိုယ်တိုင်သွားရောက်ကာဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခြင်း၊ အလုပ်သမားများနဲ့ ကျန်ရစ်သူ မိသားစုတွေကို ကူညီထောက်ပံ့ပေးခြင်းတို့ကို ပြုလုပ်ခဲ့ပါကြောင်း တွေ့ရှိရပါတယ်။

၁၃။ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မလေးရှားနိုင်ငံမှာ ဖြစ်ပွားခဲ့သော အကြမ်းဖက်သတ်ဖြတ် မှုဖြစ်စဉ်များမှာ တရားမဝင် လာရောက်နေထိုင် လုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံခြားသားများ အကြား အလုပ်အကိုင်လုခြင်း၊ ငွေရေးကြေးရေး ပြဿနာများ ဖြစ်ပွားခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်/သုံးစွဲခြင်းနှင့် အခြားပုဂ္ဂိုလ်ရေး ပဋိပက္ခများကိုအခြေခံပြီးတော့ ဖြစ်ပွားလျက်ရှိသည်ဟု မလေးရှား အာဏာပိုင်များမှ ထုတ်ဖော်ပြောကြားပါကြောင်း၊ မလေးရှားရောက် မြန်မာနိုင်ငံသားအချို့ အပေါ် အကြမ်းဖက်သတ်ဖြတ်ခံရတဲ့ ကိစ္စနှင့်ပတ်သက်၍ မလေးရှား ရဲဌာနများရဲ့ အမှုစုံစမ်းစစ်ဆေးရာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲများအား မြန်မာသံရုံးသို့ရှင်းပြရာတွင် ပြစ်မှုကျူးလွန်ကြောင်း သံသယရှိသူများအား ဖမ်းဆီးစစ်ဆေး အရေးယူလျက်ရှိကြောင်း၊ အချို့ဖြစ်စဉ်များမှာ ပြစ်မှုကျူးလွန်ခြင်း ကြောင့် သံသယရှိသူများအား စွဲချက်တင်နိုင်ရန်သက်သေ အထောက်အထား ခိုင်ခိုင် လုံလုံတွေ့ရှိရခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ တရားရုံးသို့ စွဲချက်တင်နိုင်ရန် နှောင့်နှေးမှုများ ကြုံတွေ့ရပါကြောင်း၊ အချို့ဖြစ်စဉ်တွေမှာ လည်းပဲ တရားရုံးသို့ စွဲဆိုတင်ပို့နိုင်သော်လည်း မျက်မြင်သက်သေ အဖြစ်တင်ပြထားသူများထဲကနေပြီးတော့မှ သက်သေ ထွက်ဆိုရန် ဝန်လေးကြခြင်း၊ မလေးရှားနိုင်ငံမှာ ဆက်လက်နေထိုင်ခြင်း မရှိတော့ဘဲ အခြားနိုင်ငံများသို့ ပြန်သွားကြခြင်းကြောင့် အမှုအား ပိတ်သိမ်းလိုက်ရသည်များလည်း ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေကာမူ ရဲဌာနများအနေဖြင့် တိုင်ကြားလာသော ဖြစ်စဉ်များအပေါ် စုံစမ်းစစ်ဆေး အရေးယူဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ယင်းသို့အကြမ်းဖက် တိုက်ခိုက်မှုများမှာ မလေးရှားနိုင်ငံ၌ လာရောက်အလုပ် လုပ်ကိုင်လျက်ရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားများ အကြား၌ သာမက မလေးရှား နိုင်ငံသားများ၌လည်း ဖြစ်ပွားတတ်သည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံသားများ အကြမ်းဖက် သတ်ဖြတ်ခံရမှုနှင့်ပတ်သက် ၍ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့် ဟာ မလေးရှားနိုင်ငံရေးဝန်ကြီးဌာန၊ သံတမန်ရေးရာနဲ့ ကောင်စစ်ရေးရာဌာန အကြီးအကဲကို သွားရောက် တွေ့ဆုံခဲ့ပြီး၊ မလေးရှားနိုင်ငံရှိ မြန်မာနိုင်ငံသားများအား ထပ်မံအကြမ်းဖက်တိုက်ခိုက်မှု မရှိစေရေးအတွက် မလေးရှား ပြည်ထဲရေး ဝန်ကြီးဌာန၊ ရဲချုပ်ရုံးသို့ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ် တစ်ခုခြင်းအလိုက် စကားပြောကြေးနန်းဖြင့် ဆက်သွယ်၍ လည်းကောင်း၊ တရားဝင်စာဖြင့်ပေးပို့၍ လည်းကောင်း ဖြစ်စဉ်များအပေါ်မှာ အမြန်ဆုံးစုံစမ်းစစ်ဆေး ဖော်ထုတ်ပေးပါရန်၊ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးပါရန်နှင့် မြန်မာနိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ပေးပါရန် စဥ်ဆက်မပြတ်ညှိနှိုင်း မေတ္တာရပ်ခံလျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများ အနေဖြင့်လည်း သတိရှိရှိသွားလာ နေထိုင်နိုင်ရေးနှင့်

လူမှုရေး ကွန်ယက် သတင်းများမှာ မမှန်မကန် သတင်းမှတ်ချက်ပြုခြင်း၊ တစ်ဆင့်မျှဝေခြင်းများကြောင့် စိုးရိမ်ပူပန်မှုများ မလိုအပ်ဘဲ ဖြစ်ပေါ်မှု မရှိစေရေးတို့အတွက်လည်း မြန်မာနိုင်ငံသားများ အကျိုး ကာကွယ်စောင့်ရှောက်ရေး ကိစ္စရပ်များကို အပိုင်း(၂)ပိုင်း သီးခြားပြုစုလျက် ပွင့်လင်း မြင်သာမှုရှိစေရန် မြန်မာသံရုံး Website တွင်လည်း အသိပေးရှင်းလင်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားများ အကြမ်းဖက် ခံရမှုအပြင် အခြားမည်သည့် ကိစ္စမျိုးကိုမဆို တားဆီးကူညီ စောင့်ရှောက်ပေးနိုင်ရေးအပေါ် ဆက်သွယ် နိုင်ရန်လည်း ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်ကိုလည်း အများပြည်သူသိရှိစေရန် ကြေငြာထားပြီး ဖြစ်ပါကြောင်း၊ မလေးရောက် မြန်မာနိုင်ငံသားများရဲ့ လုံခြုံရေးအတွက် မြန်မာသံရုံးမှ သံအမတ်ကြီးဟာ မလေးရှား နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများထံ သွားရောက်တွေ့ဆုံပြီး ညှိနှိုင်းဆောင်ရွက် လျက် ရှိပါကြောင်းနဲ့ ဖြစ်စဉ် ဖြစ်ပွားသည့် သတင်းရရှိသည်နဲ့ သက်ဆိုင်ရာအာဏာပိုင်များထံ ဆက်သွယ်ပြီး စုံစမ်းမေးမြန်းခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ နိုင်ငံသားများ၏ လုံခြုံရေးအတွက် အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း တွေ့ရှိရပါတယ်။

၁၄။ မလေးရှားနိုင်ငံမှာ မြန်မာသံရုံးအနေနဲ့ မလေးရှားနိုင်ငံသို့ တရားဝင်ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများ၏ ကောင်စစ်ရေးရာ ကိစ္စရပ်များအပြင် မလေးရှားနိုင်ငံမှာ တရားမဝင် ရောက်ရှိနေထိုင်လျက်ရှိတဲ့ မြန်မာနိုင်ငံသားများရဲ့ အရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက် ရလျက်ရှိရာ အချို့ကိစ္စတွေမှာ အောင်မြင်အောင် ဆောင်ရွက်နိုင်သည်များ ရှိသကဲ့သို့ အချို့ကိစ္စတွေမှာ မိမိတို့ မြန်မာနိုင်ငံသားများဘက်မှ အထောက်အထားမရှိဘဲ မလေးရှား နိုင်ငံမှာ တရားမဝင် နေထိုင်လျက်ရှိခြင်း မလေးရှားနိုင်ငံရဲ့ တည်ဆဲဥပဒေနှင့် မကိုက်ညီခြင်း စသည်တို့ကြောင့် မြန်မာသံရုံး အနေဖြင့် မလေးရှား အာဏာပိုင်များကို ညှိနှိုင်းပြောဆိုရာမှာ အကန့်အသတ်များ ကြုံတွေ့လျက် ရှိကြောင်း မြန်မာသံရုံးဟာ မိမိမြန်မာနိုင်ငံသားများ အကျိုးအတွက် မလေးရှားနိုင်ငံခြားရေး ဝန်ကြီး ဌာန၊ မလေးရှားပြည်ထဲရေး ဝန်ကြီးဌာန၊ မလေးရှားလူဝင်မှုကြီးကြပ်ရေးဌာနနဲ့ မလေးရှား ရဲချုပ်ရုံးတို့နှင့် စဉ်ဆက်မပြတ်ထိတွေ့ ဆက်ဆံပြီးတော့ ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ အချို့ကိစ္စရပ်များအား အောင်မြင်ပြေလည်စွာ ဆောင်ရွက်ပေးခဲ့ပြီးသည့်တိုင် သက်ဆိုင်ရာပုဂ္ဂိုလ်များရဲ့ လူမှုရေးဂုဏ်သိက္ခာကို ငဲ့ကွက်၍ အများပြည်သူသိရှိစေရန်၊ ထုတ်ဖော် ပြောကြားနိုင်ခြင်း မရှိသည်များလည်း ရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှာဖြစ်ပွားခဲ့တဲ့ လူမျိုးဘာသာ စကားကွဲပြားမှုရှိသူများအကြားမှာ ပဋိပက္ခဖြစ်မှုများနှင့် ဆက်နွှယ်လျက် မလေးရှားနိုင်ငံမှာလည်းပဲ မြန်မာနိုင်ငံသားများအား ရွေးချယ်အကြမ်းဖက်မှုများ ပြုလုပ်တယ်ဆိုတဲ့အချက်မှာ ခိုင်လုံမှုမရှိဘဲ အချို့ကိစ္စရပ်များမှာ ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်စီတာဝန်ယူမှု အားနည်းမှုများနဲ့လည်း သက်ဆိုင်သည် ဟုယူဆရပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသားများ အကြမ်းဖက် ခံရမှုများမှ လွတ်မြောက် လျော့ပါးနိုင်ရေးအတွက် ပြည်ပသို့မထွက်ခွာ မီကပင် ပြည်သူလူထုများအကြား ဗဟုသုတ ရရှိစေရေးအတွက် ပညာပေးရေး လုပ်ငန်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ပါက အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ပါကြောင်း တွေ့ရှိရပါတယ်။

သုံးသပ်တင်ပြချက်

၁၅။ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့်အညီ အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိသည့်အပြင် ဒေသတွင်းနိုင်ငံများနှင့်လည်း အဆို ပါ မူကြီး (၅) ချက်အပေါ် အခြေခံလျက် နိုင်ငံအချင်းချင်း ချစ်ကြည်မှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့်

ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ အာဆီယံ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးတော့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ဟာ ၁၉၅၈ ခုနှစ်ကတည်းကပင် ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန်ကူးသန်းသွားလာမှုများရှိခဲ့ပါတယ်။ မြန်မာနိုင်ငံကို အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်စေရေး၊ ဒီမိုကရေစီအစိုးရစနစ်ပြောင်းလဲမှုများနှင့် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုများမှာ မလေးရှားနိုင်ငံဟာများစွာထောက်ခံ ကူညီမှုများပေးခဲ့တဲ့အပြင် မိတ်ဆွေရင်းချာနိုင်ငံဖြစ်ပါတယ်။ ထိုသို့ဖြစ်ပေါ်နေသောချစ်ကြည်ရင်းနှီးမှု အကြောင်းတရားများကြောင့် မြန်မာနိုင်ငံသားတွေဟာ မလေးရှားနိုင်ငံမှာ ပညာတော်သင်ယူမှုများ၊ အပြန်အလှန် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးအရ ဆက်သွယ်ဆက်ဆံမှုများ၊ မလေးရှား နိုင်ငံရှိစက်ရုံ အလုပ်ရုံများမှာ မြန်မာနိုင်ငံသားများ ဝင်ရောက်အလုပ် လုပ်ကိုင်မှုများ ရှိနေခဲ့ပါတယ်။

၁၆။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာလ (၁၄) ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှမလေးရှားနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်ပြီးတော့ အကူအညီတောင်းခံတဲ့ အမှု (၁၁) မှု၊ မလေးရှား နိုင်ငံရဲတပ်ဖွဲ့ကနေပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဆက်သွယ်အကူအညီတောင်းခံတဲ့ အမှု (၁၀) မှု၊ စုစုပေါင်း (၂၁) မှုကို အပြန်အလှန် ဆက်သွယ်အကူအညီတောင်းခံ ဆောင်ရွက်ခဲ့ကြပါတယ်။

၁၇။ မလေးရှားနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ မြန်မာနိုင်ငံသားများ အကြမ်းဖက်အသတ်ခံရမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်လမ်းကြောင်းမှလည်းကောင်း၊ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး မေးမြန်းရာ ၎င်းတို့ရဲ့ စိစစ်တွေ့ရှိချက်များအရ မြန်မာလူမျိုးများကို ရွေးချယ်ပြီး အကြမ်းဖက်သတ်ဖြတ်နေခြင်းမဟုတ်ပါကြောင်း၊ မလေးရှားနိုင်ငံမှာ အလားတူမှုခင်းများ အခါအားလျော်စွာဖြစ်ပွားလျက်ရှိရာ အထူးသဖြင့် တရားမဝင်လာရောက်နေထိုင် လုပ်ကိုင်နေတဲ့ နိုင်ငံခြားသားများအကြား အလုပ်လုလုပ်ခြင်း၊ ငွေကြေးပြဿနာဖြစ်ခြင်း၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်/သုံးစွဲခြင်းနှင့် အခြားပုဂ္ဂိုလ်ရေးပဋိပက္ခများကြောင့် ဖြစ်ပွားခြင်း ဖြစ်ပါကြောင်း၊ မလေးရှားနိုင်ငံမှာ နိုင်ငံခြားသားအများစုမှာ တရုတ်၊ အင်ဒိုနီးရှား၊ ဘင်္ဂါလီ၊ မြန်မာနဲ့ နီပေါလူမျိုးများဖြစ်ပြီးတော့ တရုတ်လူမျိုးနဲ့ ပြဿနာဖြစ်ပွားမှု နည်းပါးပြီး ကျန်လူမျိုးများနှင့် မှုခင်းဖြစ်ပွားမှုများပြားပါကြောင်း၊ အခြားနိုင်ငံခြားသားများရဲ့ အကြမ်းဖက်သတ်ဖြတ်ခံရတဲ့ ဖြစ်စဉ်များလည်း ပေါ်ပေါက်လျက်ရှိနေတဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံသားများကိုမှ ရွေးချယ်ပြီး သတ်ဖြတ်တယ်ဟု ယူဆ၍မရနိုင်ကြောင်း သုံးသပ်ရရှိပါတယ်။

၁၈။ မြန်မာနိုင်ငံသားများ အကြမ်းဖက်သတ်ဖြတ်ခံရမှုနဲ့ ပတ်သက်၍မလေးရှား နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးသာအောင်ညွန့် ဟာ မလေးရှား နိုင်ငံရေးဝန်ကြီးဌာန၊ သံတမန်ရေးရာနှင့်ကောင်စစ်ရေးရာ ဌာနအကြီးအကဲကို သွားရောက်တွေ့ဆုံခဲ့ပြီး၊ မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားတွေကို ထပ်မံအကြမ်းဖက်တိုက်ခိုက်မှု မရှိစေရေးအတွက် မလေးရှား ပြည်ထဲရေးဝန်ကြီးဌာန၊ ရဲချုပ်ရုံးသို့ ဖြစ်ပွားခဲ့တဲ့ဖြစ်စဉ် တစ်ခုခြင်းအလိုက်ကို စကားပြောကြေးနန်းနဲ့ ဆက်သွယ်ပြီးလည်းကောင်း၊ တရားဝင်စာဖြင့်ပေးပို့၍ လည်းကောင်း ဖြစ်စဉ်များ အပေါ် အမြန်ဆုံးစုံစမ်းစစ်ဆေး ဖော်ထုတ်ပေးဖို့ ပြစ်မှုကျူးလွန်သူတွေကို အရေးယူပေးဖို့နဲ့ မြန်မာနိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ စဉ်ဆက်မပြတ် ညှိနှိုင်းမေတ္တာရပ်ခံလျက် ရှိပါကြောင်း တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ မြန်မာနိုင်ငံအစိုးရအနေဖြင့် မျက်ကွယ်ပြုခြင်းမရှိကြောင်း သုံးသပ်ရရှိပါတယ်။

၁၉။ ပြည်ပနိုင်ငံတစ်ခုမှာ ရောက်ရှိနေကြတဲ့ နိုင်ငံခြားသားများအနေနဲ့ အဆိုပါနိုင်ငံရဲ့ ဥပဒေတွေကို လေးစားလိုက်နာရမည်ဖြစ်ပြီးတော့ ထိုနိုင်ငံရဲ့ ဥပဒေကလည်းပဲ နိုင်ငံခြားသားများကို ကာကွယ်စောင့်ရှောက်မှုပေးရမှာပဲဖြစ်ပါတယ်။ မလေးရှားနိုင်ငံမှာရှိတဲ့ မြန်မာနိုင်ငံသားများရဲ့ အကျိုးစီးပွားကို မလေးရှားနိုင်ငံဆိုင်ရာမြန်မာသံရုံးနဲ့ စစ်သံရုံးတို့ကလည်း ဥပဒေနဲ့အညီ ရပ်တည်ပြီးတော့ မိမိနိုင်ငံသားများဘက်မှ နစ်နာမှုမရှိစေရေးအတွက် ကာကွယ်စောင့်ရှောက်မှုများတွေ ကို အချိန်နှင့်တစ်ပြေးညီကူညီဆောင်ရွက်နေကြောင်း သုံးသပ်ရရှိပါတယ်။

၂၀။ မြန်မာနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ လူမျိုးဘာသာစကား ကွဲပြားမှုရှိသူများအကြား ပဋိပက္ခဖြစ်မှုများနဲ့ ဆက်နွယ်လျက် မလေးရှားနိုင်ငံတွင်လည်း မြန်မာနိုင်ငံသားများအား ရွေးချယ်အကြမ်းဖက်မှုများပြုလုပ်တယ်ဆိုတဲ့ အချက်ဟာ ခိုင်လုံမှုမရှိကြောင်း သုံးသပ်ရရှိပါတယ်။ အချို့ကိစ္စရပ်တွေမှာ ပုဂ္ဂိုလ်တစ်ဦးချင်း ကိုယ်စီတာဝန်ယူမှု အားနည်းမှုများနဲ့လည်း သက်ဆိုင်သည်ဟု ယူဆရပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနတို့ရဲ့ တင်ပြချက်မှာ ဝန်ကြီးဌာန (၃) ခုမှ ဝန်ထမ်းများနဲ့ မလေးရှားနိုင်ငံသံရုံးမှာ ၂၇-၁၂-၂၀၁၃ ရက်နေ့က အလုပ်သမားများ အကျိုးအတွက် လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသော်လည်းပဲ မျှော်မှန်းသလောက် အလုပ်သမားတွေဟာ လာရောက်ဆက်သွယ် လုပ်ကိုင်ခြင်းမရှိကြောင်း တွေ့ရှိရတဲ့အပေါ်မှာ အလုပ်သမားတွေဟာ တရားဥပဒေကို လေးစားလိုက်နာမှု အားနည်းကြောင်း သုံးသပ်ရပါတယ်။

၂၁။ မြန်မာနိုင်ငံမှ တာဝန်ရှိသူတွေက မလေးရှားနိုင်ငံမှ အာဏာပိုင်များနဲ့ ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများ အနေနဲ့လည်းပဲ နှစ်နိုင်ငံတရားဥပဒေများကို လေးစားလိုက်နာပြီး သတိရှိရှိသွားလာနေထိုင်ကြရေး၊ လူမှုကွန်ယက်သတင်းများတွင် ဖြစ်ပေါ်နေမှုတွေကို အဖြစ်မှန်သိရှိစေရန်နဲ့ အရေးပေါ်အခြေအနေမှာ ဆက်သွယ်နိုင်တဲ့ မြန်မာနိုင်ငံမှ တာဝန်ရှိသူများနဲ့ ကွန်ယက်အဖွဲ့အစည်းများ ထားရှိနိုင်ရေး၊ မြန်မာ၊ မလေးရှား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာများမှာ ဥပဒေအရ အပြန်အလှန် အကူအညီပေးနိုင်ရေး Mutual Legal Assistance Mechanism ကို ထူထောင်ဆောင်ရွက်ပါက ပိုမိုသင့်လျော်မည်ဟု သုံးသပ်ရရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

လွှတ်တော်အခွင့်အရေးကော်မတီ

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစီရင်ခံစာမှာ အပိုင်း (၂)ပိုင်းပါရှိပါတယ်။ အဓိကအပိုင်းကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်နဲ့ အဖွဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ သတ်ဖြတ်ဖို့ ကြံစည်ခြင်းခံရတဲ့ကိစ္စ ဒါ လွှတ်တော်နဲ့ အဓိကသက်ဆိုင်ပါတယ်။ ကျန်တဲ့ မြန်မာနိုင်ငံ အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ ကိစ္စကတော့ လွှတ်တော်အနေနဲ့ စောင့်ကြည့်ဖို့ပဲ လုပ်ရဦးမယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်မှာ ဒီနေ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာ တင်ပြတဲ့အခါမှာ အပိုဒ်(၂)၊ အပိုဒ်(၂)မှာ မြန်မာနိုင်ငံသည်က စပြီးတော့ မိတ်ဆွေရင်းခြာနိုင်ငံ ဖြစ်ပါသည်အထိကို ခြေဆင်းထည့်လိုက်ပြီးတော့မှ အပိုဒ်(၄)၊ ဒေါက်တာအေးမောင် တို့ရဲ့ ဖြစ်စဥ်လေးကို ဖော်ပြပြီးတော့ အင်္ဂလိပ်လို ဘာသာပြန်ပြီးတော့ လွှတ်တော်အခွင့်အရေးကော်မတီကပဲ စာကြမ်းပြုစုပေးပါ။

ဒါနဲ့ပတ်သက်ပြီးတော့ ပေးပိုတဲ့နည်းလမ်းတော့ (၂)ခုရှိပါတယ်။ တစ်ခုကတော့ မိမိရဲ့ Counter Part ဖြစ်တဲ့ တစ်ဖက်က လွှတ်တော်ဥက္ကဋ္ဌကို ဒီနေ့ ဒီလွှတ်တော်မှာ တင်ပြတဲ့ အစီရင်ခံစာရဲ့ ကောက်နုတ်ချက် ဆိုပြီးတော့ ပေးပို့တဲ့နည်း ဖြစ်ပါတယ်။ ဒါမှမထူးခြားလို့ ရှိရင်တော့ ကျွန်တော်တို့ AIPA အနေနဲ့ ပေးပို့ဖို့အတွက် MPU ကတစ်ဆင့် ပေးပို့တဲ့ နည်းလမ်းကို နောက်ပြီးတော့ နောက်တစ်ဆင့် ကျရင် ဆက်သုံးမှာ ဖြစ်ပါတယ်လို့ ဒါကြောင့်မို့လို့ ဒီ အစီရင်ခံစာကို မှတ်တမ်းတင်ကြောင်းနဲ့ လွှတ်တော် အခွင့်အရေးကော်မတီက အင်္ဂလိပ်လို ဒီစာပြုစုပေးဖို့ ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈) ရက် မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂:၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၂၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန် ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက် နေ့ကို ၁၂:၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]